ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

ဒုတိယနေ့မှတ်တမ်း

**၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၀ ရက်**

**(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၄ ရက်)**

**(အင်္ဂါနေ့)**

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၁၀:၀၀ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး အခမ်းအနားမှူး အဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စတင်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ ဒုတိယနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀:၀၁။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀:၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၂၁)ဦးရှိပြီး ဒီကနေ့အစည်းအဝေးကို (၂၀၇)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၉၃.၆၇)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နှင့် ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀:၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ ဒုတိယနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီအစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀:၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၀၄။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ ၁၄-၇-၂၀၂၀ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမောင်မောင်လတ် က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးဂျေယောဂူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်မြင့်ဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမိုးမြင့်အောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်နှင့် ဗိုလ်မှူးကြီးအောင်လွင်၊ တပ်မတော်သားကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန် တို့ပဲ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၁၀)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၄)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ (၁၄)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျာ။

**အချိန်၊ ၁၀:၀၆။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀:၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၀)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၄)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၁၄)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀:၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားသည့် ကြယ်ပွင့်ပြထားတဲ့ မေးခွန်း တွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၈ အရ လွှတ်တော် အစည်းအဝေးများတွင် ပထမတစ်နာရီသည် မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်ရန် ဖြစ်သော်လည်း သတ်မှတ်ထားသည့် အချိန်အတွင်း မေးခွန်း မေးမြန်းခြင်းနှင့် ဖြေကြားခြင်း မပြီးဆုံးခဲ့ပါက အစီအစဉ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်ကို ကြိုတင်အသိပေးပါတယ်။

**စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်ရှိ ထန်းတပင်ကျေးရွာ၊ ချောင်းကန်ကျေးရွာ၊ သလဲဦးကျေးရွာ၊ ပျဉ်းတော်ကျေးရွာတို့မှ တောင်သူ(၁၈၃)ဦး၏ လယ်ယာမြေများကို MEC သကြားစက်ရုံ (ကန့်ဘလူ)မှ သိမ်းယူခဲ့ပြီး မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး မြေပြန်စစ်ကော်မတီများက ပိုလျှံမြေဧက (၁၀၀)ကို ပြန်လည်စွန့်လွှတ်သင့်ပါကြောင်းနှင့် အသုံးပြုထားသောမြေများကို လျော်ကြေးငွေ ပြန်လည်တွက်ချက်ပေးနိုင်ရေးအတွက် ကာကွယ်ရေးဝန်ကြီးဌာနသို့ သဘောထားတောင်းခံခဲ့ရာ ကြန့်ကြာနေမှုအား အမြန်ကူညီဆောင်ရွက်နိုင်ရန်နှင့် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်နေကြောင်း သိရှိလိုခြင်းတို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၀၇။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဝင်းအောင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၀၈။**

**ဦးဝင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်က စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းအောင် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းက အစီအစဉ် ၅(က) ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်ရှိ ထန်းတပင်ကျေးရွာ၊ ချောင်းကန်ကျေးရွာ၊ ပျဉ်းတော်ကျေးရွာနှင့် သလဲဦးကျေးရွာတို့မှ တောင်သူ(၁၈၃)ဦး၏ လယ်ယာမြေများကို ၁၉၉၉ ခုနှစ်မှာ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း အမှတ်(၁)၊ သကြားစက်ရုံ (ကန့်ဘလူ) အတွက် သိမ်းဆည်းခဲ့ပါတယ်။ အဲဒီလို သိမ်းယူခဲ့စဉ်က မြေယာလျော်ကြေး တစ်ဧကလျှင် ငွေကျပ် (၂၀၀၀)နှုန်းနှင့် မယူမနေရ လက်မှတ်ထိုးစေပြီး ပေးခဲ့တာဖြစ်ပါတယ်။ ထိုစဉ်က တစ်ဧကလျှင် ကာလပေါက်ဈေး ငွေကျပ်(၈၀၀၀၀)ဖြစ်နေသည့်အချိန်မှာ မြေခွန်၏အဆ(၂၀)မျှသာဖြစ်တဲ့ ငွေကျပ် (၂၀၀၀)သာ ပေးချေခဲ့တဲ့အတွက်ကြောင့် တောင်သူများ များစွာနစ်နာခဲ့ရပါတယ်။ တောင်သူများဟာ ထိုက်သင့်တဲ့ လျော်ကြေးလည်းမရသလို မြေအစားလည်း မရရှိခဲ့ကြပါဘူး။ စိုက်ပျိုးထားတဲ့ သီးပင်၊ စားပင်များ ပျက်စီးသွားတဲ့အတွက် နစ်နာခြင်းများလည်း သူတို့ ကြုံတွေ့ခဲ့ရပါတယ်။ ဒါကြောင့်မို့လို့ ဖွတ်ကျောပြာစု ခရုစံကျွတ် ဖြစ်နေကြသည့် ဒဏ်ရာတွေကို လူမှုရေးတရားမျှတမှု ရှုထောင့်ကကြည့်ပြီး ကျွန်တော်တို့ ကုစားပေးဖို့ တာဝန်ရှိနေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများ မနစ်နာစေရေးအတွက် စုံစမ်းရေးကော်မရှင်ရဲ့ အစီရင်ခံစာ အခန်း(၃)၊ အပိုဒ် ၇၀ မှာ ဒီ သကြားစက် သိမ်းဆည်းမြေများနှင့် ပတ်သက်လို့ ထိုက်သင့်သည့်

မြေယာလျော်ကြေး ပြန်လည်ပေးချေနိုင်မှုနှင့် ပိုလျှံနေတဲ့မြေတွေ မစိုက်ပျိုးနိုင်သည့်မြေတွေကို မူလတောင်သူများအား ပြန်လည်ပေးအပ်သင့်ပါကြောင်း အကြံပြုထားတာရှိပါတယ်။ ၂-၅-၂၀၁၇ ရက်နေ့မှာ ခရိုင်မြေပြန်စစ်နှင့် ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနကနေပြီး ကွင်းဆင်းစိစစ်ချက်အရ အသုံးမပြုသည့် ပိုလျှံမြေဧက(၁၀၀)ရှိနေတဲ့အကြောင်း၊ သီးစားချထားသည့်အကြောင်း၊ ငါးကန်တူးဖော်ထားသည့်အကြောင်းများ တွေ့ရှိရတယ်ဟု သိရှိရပါတယ်။ မြေပြန်စစ်အဆင့်ဆင့်က ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး မြေပြန်စစ် အဆင့်ဆင့်ကလည်း ထိုက်သင့်သည့်လျော်ကြေး ပေးချေသင့်ပါကြောင်းနှင့် ပိုလျှံမြေတွေကို ပြန်လည်ပေးအပ်သင့်ကြောင်း ဆုံးဖြတ်ထားပြီး ဒီကနေ့အထိ ကြန့်ကြာနေသည့်အတွက် မေးခွန်းမေးရတာ ဖြစ်ပါတယ်။

သို့ပါ၍ သိမ်းဆည်းခံ တောင်သူများ၏ နစ်နာမှုနှင့် ဘဝရပ်တည်မှုကို ကုစားပေးသောအားဖြင့် သိမ်းဆည်းစဉ်က ထိုက်သင့်တဲ့ လျော်ကြေးမရကြသည့် တောင်သူများကို သိမ်းယူစဉ်က ကာလပေါက်ဈေးနှင့်အညီ မြေယာလျော်ကြေး ပြန်လည်တွက်ချက်ပေးနိုင်ပါရန်နှင့် စီမံကိန်းကာလအတွင်းမှာ ပြီးစီးအောင် အကောင်အထည်မဖော်နိုင်ခဲ့သည့် ပိုလျှံမြေဧက(၁၀၀)ကို တောင်သူများအား ခွဲဝေချထားပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၁၁။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၁၁။**

**ဗိုလ်ချုပ်မြင့်နွယ် (ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ် ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းအောင် ၏ စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်ရှိ ထန်းတပင်ကျေးရွာ၊ ချောင်းကန်ကျေးရွာ၊ သလဲဦးကျေးရွာ၊ ပျဉ်းတော်ကျေးရွာတို့မှ တောင်သူ(၁၈၃)ဦး၏ လယ်ယာမြေများကို MEC သကြားစက်ရုံ (ကန့်ဘလူ)မှ သိမ်းယူခဲ့ပြီး မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး မြေပြန်စစ်ကော်မတီများမှ ပိုလျှံမြေဧက(၁၀၀)ကို ပြန်လည်စွန့်လွှတ်သင့်ပါကြောင်းနှင့် အသုံးပြုထားသောမြေများကို လျော်ကြေးငွေ ပြန်လည်တွက်ချက်ပေးနိုင်ရေးအတွက် ကာကွယ်ရေးဝန်ကြီးဌာနသို့ သဘောထားတောင်းခံခဲ့ရာ ကြန့်ကြာနေမှုအား အမြန်

ကူညီဆောင်ရွက်နိုင်ရန်နှင့် မည်ကဲ့သို့စီစဉ်ဆောင်ရွက်နေကြောင်း သိရှိလိုခြင်း ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး၏ မေးခွန်းပါ သကြားစက်(ကန့်ဘလူ) စီမံကိန်းအတွက် ၁၉၉၉ ခုနှစ်တွင် စက်ရုံတည်ဆောက်ရန် ကန့်ဘလူမြို့နယ်အတွင်းရှိ အနောက်ဘက်တွင် ပုပ္ပားကျေးရွာအုပ်စု၊ ပျဉ်းတော်ကျေးရွာ၊ အရှေ့ဘက်တွင် ချောင်းကန်ကျေးရွာအုပ်စု၊ တောင်ဘက်တွင် ဇီးကုန်း-မလယ် ကားလမ်းအတွင်းရှိ မြေဧရိယာများအား ပြည်ထဲရေးဝန်ကြီးဌာန၏ ၁၀-၁၀-၂၀၀၁ ရက်စွဲပါ စာအမှတ်၂၀၀/၁-၄/ ဦး ၁ နှင့် ရက်စွဲတူ စာအမှတ် ၂၀၀/၁-၅/ ဦး ၁ တို့ဖြင့် ခွင့်ပြုမိန့်ရရှိခဲ့ပြီး စက်ရုံတည်ဆောက်၍ ၂၀၀၀ ပြည့်နှစ်တွင် စက်ရုံစတင်လည်ပတ်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါတယ်။

စက်ရုံပိုင်မြေတွင် ယခုလက်ရှိ စက်ရုံ၊ အီသနောစက်ရုံ၊ ဝန်ထမ်းအိမ်ရာ အဆောက်အအုံများနှင့် လမ်းဧရိယာ၊ တပ်မတော် ကြံစိုက်ပျိုးရေး တပ်ပိုင်ဧရိယာ၊ မျိုးကြံ စိုက်ပျိုးမြေဧရိယာတို့အား ဖြန့်ခွဲဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ ကြံစိုက်ပျိုးမြေအား တစ်ပြိုင်နက်တည်း စိုက်ပျိုးခြင်းမပြုဘဲ ခင်းသစ်၊ လမိုင်းစိုက်ခင်းများအတွက် (၂)နှစ်တာကာလအား ပဲမျိုးစုံနှင့် အခြားသီးနှံများ စိုက်ပျိုး၍ စိုက်ပျိုးမြေကို မြေလဲလှယ်စိုက်ပျိုးမှုစနစ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ အဆိုပါ စီမံကိန်းအတွက် မြေစတင်သိမ်းဆည်းရေးဆောင်ရွက်စဉ်ကပင် ဦးပိုင်ပေါက်မြေအတွက် မူလတောင်သူ(၁၈၃)ဦးသို့ လယ်/ယာမြေ လျော်ကြေးငွေများအား ကန့်ဘလူမြို့နယ်၊ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်မြေစာရင်းဦးစီးဌာန၊ ကိုယ်စားလှယ်များပါဝင်သောအဖွဲ့ဖြင့် ဇီးကုန်းတောင်ကျေးရွာအုပ်စုတွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေယာလျော်ကြေးငွေများအား ပေးလျော်ခဲ့ကြောင်း၊ တောင်သူတစ်ဦးလျှင် လျော်ကြေး/နစ်နာကြေးများအား သက်ဆိုင်ရာ နယ်ဘက်ဌာနများ၏ ထောက်ခံချက်များနှင့်အညီ ပေးလျော်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းအောင်၏ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်း၍ စိစစ်ချက်အရ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီများမှ ပိုလျှံမြေ(၁၀၀)ကေဟု ဖော်ပြပါရှိသော်လည်း အဆိုပါမြေများမှာ သကြားစက်ရုံ (ကန့်ဘလူ)အတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထဲရေးဝန်ကြီးဌာန၏ အမိန့်ရရှိပြီးသောမြေများဖြစ်ခြင်း၊ လက်ရှိ သကြားစက်ရုံ လည်ပတ်ဆောင်ရွက်လျက်ရှိခြင်း၊ မျိုးကြံ စိုက်ပျိုးမြေများဖြစ်ခြင်း၊ မျိုးကြံ စိုက်ပျိုးမြေများအား မြေလဲလှယ်စိုက်ပျိုးရေးစနစ်ဖြင့် ဆောင်ရွက်ထားရှိခြင်းတို့ကြောင့် ပိုလျှံမြေမရှိခြင်း၊ စက်ရုံအတွက် မြေစတင်သိမ်းဆည်းစဉ်ကပင် ၎င်းခေတ်ကာလနှင့်လျော်ညီသော လျော်ကြေးငွေများ ပေးလျော်ပြီးဖြစ်ခြင်းတို့ကြောင့် လျော်ကြေးငွေ ထပ်မံပေးလျော်ရန် မရှိပါကြောင်းနှင့် ပြန်လည်စွန့်လွှတ်ပေးနိုင်ခြင်း မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးလိုက်ပါ။

**ဦးဝင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ မေးခွန်းကို ဖြေကြား ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ စောစောက ကျွန်တော်ပြောခဲ့သလို သိမ်းဆည်းစဉ်က ကာလ ပေါက်ဈေးနှင့်အညီ ရရှိခဲ့ကြတာမဟုတ်တဲ့ တောင်သူများရဲ့ဘဝဟာ ဒီကနေ့အထိ စားဝတ်နေရေး ခက်ခဲနေကြတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဟာကို ကုစားပေးဖို့အတွက် ဝန်ကြီးအနေနှင့် ဘယ်လို ညှိနှိုင်းဆောင်ရွက်ပေးနိုင်မလဲဆိုတာကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။

**ဗိုလ်ချုပ်မြင့်နွယ် (ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ လွှတ်တော် ကိုယ်စားလှယ်တော်ကြီး မေးခွန်းမှာပါတဲ့ဟာကို ကျွန်တော်က အပြည့်အစုံ ဖြေကြားပြီးဖြစ်ပါတယ်။ နောက်တစ်ခါ လျော်ကြေးငွေပေးရတယ် စည်းမျဉ်းစည်းကမ်းဆိုတာကလည်း ကျွန်တော်တို့ ကာကွယ်ရေးဝန်ကြီးဌာနတစ်ခုတည်း လုပ်ဆောင်လို့မရပါဘူး။ ဒီမှာ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီက ချမှတ်ထားသည့် မူဝါဒလုပ်ငန်းစဉ် အပေါ် ပြင်ဆင်ချက်ထားသည့် မူဝါဒလုပ်ငန်းဖြန့်ဝေခြင်းကို ၂၁-၃-၂၀၁၈ ရက်နေ့မှာ ဖြန့်ဝေပါတယ်။ ဒါ တိုင်းဒေသကြီးအားလုံး သိပါတယ်။

အဲဒီမှာ နိုင်ငံတော်က သိမ်းဆည်းသောလယ်ယာမြေနှင့် အခြားမြေများကို မူလမြေပိုင်ရှင် များအား ပြန်လည်လွှောက်ထားသည့်ကိစ္စနှင့် စပ်လျဉ်းသည့် မူဝါဒ (၁၀)ရပ် ရှိပါတယ်။ အဲဒီ(၁၀)ရပ် ထဲမှာလည်း လက်ရှိ လျော်ကြေးပေးသည့်ကိစ္စရပ်မှာ နည်းပါးသည့်အတွက် ထပ်မံတောင်းဆိုသော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ယခင်ကာလနှုန်းထားဖြင့် ပေးချေပြီးဖြစ်သဖြင့် အဆိုပါ ကာလအဆုံးအဖြတ် အတိုင်းသာ အတည်ပြုရန်ဆိုပြီး သတ်မှတ်ထားတာရှိပါတယ်။ အဲဒီတော့ လျော်ကြေးပေးရတဲ့အခါမှာ နိုင်ငံတော်မှ သတ်မှတ်ထားတဲ့ အချိန်ကာလဖြစ်သည့်အတွက်ကြောင့် လက်ရှိလည်း အသုံးပြုရန် ရှိပါတယ်။ ကျွန်တော်တို့ MEC စက်ရုံကလည်း လက်ရှိသကြားထုတ်လုပ်နေတဲ့အတွက်ကြောင့် တပ်မတော်၏ သက်သာချောင်ချိရေးအတွက်သာမက နိုင်ငံတော်၏ စီးပွားရေးအတွက်လည်း တစ်ဖက်တစ်လမ်းက အထောက်အကူပေးသည့်လုပ်ငန်း ဖြစ်ပါတယ်။ သကြားစက်ရုံ လည်ပတ် ခြင်းကြောင့် ဒေသအတွင်းမှာလည်း အလုပ်အကိုင်အခွင့်အလမ်းများ ဆက်လက်ရပ်တည်နိုင်မှာ ဖြစ်သည့်အတွက်ကြောင့် လွှတ်တော်ကိုယ်စားလှယ်ကြီး ထပ်မံမေးမြန်းတဲ့ကိစ္စ ကျွန်တော်တို့အနေနှင့် လျော်ကြေးငွေ ထပ်မံစီစဉ်ဆောင်ရွက်ပေးနိုင်ခြင်းမရှိကြောင်း ပြန်လည်ရှင်းလင်း ဖြေကြားအပ်ပါတယ်။

**အချိန်၊ ၁၀:၁၇**။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိ အစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**နိုင်ငံ့ဝန်ထမ်းများ အငြိမ်းစားယူပြီးပါက မိမိနေထိုင်ရာ မြို့နယ်များတွင် ပင်စင်လစာများကို ထုတ်ယူခွင့် ရရှိအောင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၁၇။**

**ဥက္ကဋ္ဌ။**    ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်သန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၇။**

**ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။**    ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ ဦးစွာ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သန်း ဖြစ်ပါတယ်။ ကျွန်တော် မေးလိုတဲ့ မေးခွန်းက နိုင်ငံ့ဝန်ထမ်းများ အငြိမ်းစားပင်စင်ယူပြီးပါက မိမိနေထိုင်ရာ မြို့နယ်များတွင် ပင်စင်လစာများကို ထုတ်ယူခွင့်ရရှိအောင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံ့ဝန်ထမ်းများဟာ မိမိတို့ တာဝန်ထမ်းဆောင်ရာ ဌာနအသီးသီးတွင် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသူများ ဖြစ်ကြပါတယ်။ ပင်စင်စား အဖြစ် သက်ပြည့်ပင်စင်၊ ကျန်းမာရေးကြောင့်ဆေးပင်စင်စသည်ဖြင့် အငြိမ်းစားပင်စင်များ ရယူသွားကြတဲ့အခါမှာတော့ မိမိအခြေချနေထိုင်ရာမြို့များတွင် ပင်စင်လစာများကို ထုတ်ယူခွင့်လျှောက်ထားပြီး ထုတ်ယူခွင့်တွေလည်း ရခဲ့ကြပါတယ်။ သို့ရာတွင် ကျွန်တော့်မဲဆန္ဒနယ်မှ အငြိမ်းစား တစ်ဦးဖြစ်သူ ဦးထွန်းတင် ဟာ နေထိုင်ရာမြို့နယ်တွင် ပင်စင်လစာကို ထုတ်ယူခွင့် မရရှိသဖြင့် အခက်အခဲဖြစ်နေရပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ ဦးထွန်းတင် ဟာ အမှတ်(၁)စက်မှုဝန်ကြီးဌာနတွင် အကြီးတန်းစာရေးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၉၃ ခုနှစ်တွင် လျော်ကြေးပင်စင်ဖြင့် အငြိမ်းစားယူခဲ့သူတစ်ဦး ဖြစ်ပါတယ်။ ပင်စင်စာအုပ်ကို (BPI)စက်ရုံ ငွေစာရင်းဌာန၊ လက်ထောက်စက်ရုံမှူး(ဘဏ္ဍာရေး)မှ သိမ်းယူထားပြီး (၃)လတစ်ကြိမ်ဖြင့်သာ မြန်မာ့စီးပွားရေးဘဏ် မာန်အောင်မြို့နယ်ကို လွှဲပို့ပြီး ထုတ်ယူနေရပါတယ်။ မိမိနေထိုင်ရာ မြို့နယ်တွင် ပင်စင်ထုတ်ယူခွင့်ရရှိရေးကို အကြိမ်ကြိမ်တင်ပြခဲ့သော်လည်း ယနေ့တိုင် မရရှိဘဲဖြစ်နေပါတယ်။ အသက်ကြီးပြီဖြစ်လာတာနှင့်အမျှ ကျန်းမာရေးကလည်း ချို့တဲ့လာပါတယ်။ ပင်စင်စားများမှာ ပင်စင်ကို မှီခိုပြီးနေရတဲ့အတွက် စားဝတ်နေရေး၊ ကျန်းမာရေးကအစ အခက်အခဲတွေ ဖြစ်လာပါတယ်။ လစဉ် ပုံမှန်ပင်စင်လစာကို ထုတ်ယူသုံးစွဲခွင့်ရရှိဖို့ လိုအပ်မှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မိမိနေထိုင်ရာ မာန်အောင်မြို့နယ်တွင် ပင်စင်လစာကို ထုတ်ယူခွင့်ရရှိအောင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို လေးစားပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၀။**

**ဦးမောင်မောင်ဝင်း (ဒုတိယဝန်ကြီး၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဖိတ်ကြားထားတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်က စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဖြစ်ပါတယ်။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သန်း ၏ နိုင်ငံ့ဝန်ထမ်းများ အငြိမ်းစားယူပြီးပါက မိမိနေထိုင်ရာ မြို့နယ်များတွင် ပင်စင်လစာများကို ထုတ်ယူခွင့်ရရှိအောင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်းပြီး ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများမှာ အဓိကအားဖြင့် နှစ်မျိုးနှစ်စား ရှိပါတယ်။ အဲဒါတွေက ပထမတစ်မျိုးက ကျွန်တော်တို့ ဗဟိုအဖွဲ့အစည်းတွေ၊ ဝန်ကြီးဌာနတွေ၊ ဦးစီးဌာနတွေ၊ ကာကွယ်ရေးအငြိမ်းစားတွေ ဖြစ်ပါတယ်။ ဒုတိယတစ်မျိုးက ကျွန်တော်တို့ စီးပွားရေးလုပ်ငန်း အဖွဲ့အစည်းဖြစ်သည့် (SEE)များနှင့် စည်ပင်သာယာရေးအဖွဲ့အစည်းများက အငြိမ်းစားဝန်ထမ်းများ ဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းများရဲ့ အငြိမ်းစားလစာနှင့် ဆုကြေးငွေအတွက်ကို အသုံးစရိတ်သုံးစွဲသည့်အခါမှာ ပထမအမျိုးအစားဖြစ်တဲ့ ဦးစီးဌာနတွေက အငြိမ်းစားတွေ၊ ကာကွယ်ရေးအငြိမ်းစားတွေအတွက်ကို လုပ်သက်ဆုငွေနှင့် လစဉ်ပင်စင် အသုံးစရိတ်များကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ ပင်စင်ဦးစီးဌာန၏ ရသုံးခန့်မှန်းခြေငွေစာရင်းထဲမှ သာမန်အသုံးစရိတ်စာရင်း၊ ငွေစာရင်းခေါင်းစဉ်(၂၃) ပင်စင်လစာငွေများနှင့် ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်ငွေများ၊ ငွေစာရင်းခေါင်းစဉ်(၂၄) ဆုငွေများနှင့် တစ်လုံးတည်းပင်စင်ငွေများ ခေါင်းစဉ်တို့၌ လျာထားပြီး သုံးစွဲလျက်ရှိပါတယ်။ လုပ်ငန်းအဖွဲ့အစည်း (SEE)များနှင့် စည်ပင်သာယာရေးအဖွဲ့အစည်းများမှ အငြိမ်းစားများ၏ လုပ်သက်ဆုငွေနှင့် လစဉ်ပင်စင်အသုံးစရိတ်အတွက်ကို သက်ဆိုင်ရာလုပ်ငန်း အဖွဲ့အစည်းတွေနှင့် သက်ဆိုင်ရာစည်ပင်သာယာရေး အဖွဲ့အစည်းများ၏ သက်ဆိုင်ရာ ငွေစာရင်း

ခေါင်းစဉ်များအောက်တွင် ၎င်းတို့ရဲ့ဘတ်ဂျက်မှာ လျာထား၍ ကျခံသုံးစွဲလျက်ရှိပါတယ်။ အငြိမ်းစားများ၏ လစဉ်ပင်စင် ထုတ်ပေးရေးကိစ္စကို ဆောင်ရွက်တဲ့နေရာမှာ ပထမအမျိုးအစားဖြစ်တဲ့ ဦးစီးဌာနအငြိမ်းစားများနှင့် ကာကွယ်ရေးအငြိမ်းစားများအတွက်ကို လုပ်သက်ဆုကြေးငွေနှင့် လစဉ်ပင်စင်လစာငွေများကို ထုတ်ယူသည့်အခါမှာ ပင်စင်ဦးစီးဌာနကနေပြီး သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲအသီးသီးတွင် သွားရောက်ပြီး ငွေစာရင်းဖွင့်လှစ်၍ အငြိမ်းစားမှ ထုတ်ယူဖို့ဆန္ဒပြုသော ဘဏ်ခွဲတွေမှာ ငွေပေးအမိန့်များ ထုတ်ပြန်ပေးပို့ပြီး အဆင်ပြေစွာ ထုတ်ယူနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

လုပ်ငန်းအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့အစည်းများမှ အငြိမ်းစားများအတွက် လစဉ်ပင်စင်များကို ၎င်းတို့အဖွဲ့အစည်း၏အစီအစဉ်ဖြင့် ထုတ်ပေးလျက်ရှိရာတွင် အငြိမ်းစားမှ ဆန္ဒပြုသည့်အတိုင်း (၁)လတစ်ကြိမ်၊ (၃)လတစ်ကြိမ်၊ (၆)လတစ်ကြိမ်၊ (၁)နှစ် တစ်ကြိမ် စသည်ဖြင့် နီးစပ်ရာ ၎င်းတို့လုပ်ငန်းနှင့် စက်ရုံများတည်ရှိရာဒေသများတွင် ထုတ်ပေးခြင်း၊ အငြိမ်းစားများက ၎င်းတို့ ထုတ်ယူလိုသည့် မြို့နယ်များရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲများတွင် ထုတ်ယူရန်ဆန္ဒပြုလာပါက ၎င်းတို့ဆန္ဒပြုသည့် မြို့နယ်များရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲသို့ လုပ်ငန်းအဖွဲ့အစည်း၏ အစီအစဉ်ဖြင့် လွှဲပို့ပြီး ထုတ်ပေးလျက်ရှိပါတယ်။ မြန်မာ့စီးပွားရေးဘဏ်မှာ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ ပင်စင်လစာကို လွယ်ကူသက်သာစွာဖြင့် ထုတ်ယူနိုင်ရန် e–Pension Card များ ပြုလုပ်ပြီး ထုတ်ယူနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားပါတယ်။ ထို့အပြင် ယခုအခါ Myanmar Mobile Money , Wave Money စတဲ့ Mobile ဝန်ဆောင်မှုလုပ်ငန်းများကို အသုံးပြု၍ ပင်စင်လစာများ ထုတ်ယူနိုင်ရန်ကိုလည်း စီစဉ်ဆောင်ရွက်ပေးထားပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး၏ မေးခွန်းမှာ ဖော်ပြပါရှိသည့် မြန်မာ့ဆေးဝါးလုပ်ငန်းမှ အငြိမ်းစား ဦးထွန်းတင် ဟာ ကျွန်တော်တို့ နိုင်ငံပိုင်လုပ်ငန်းအဖွဲ့အစည်း(SEE)က အငြိမ်းစားဖြစ်ပါတယ်။ ၎င်း၏ ပင်စင်ထုတ်ယူရန်ဒေသမှာ မြန်မာ့ဆေးဝါးလုပ်ငန်းစက်ရုံ၊ သုတေသနဌာန(ရန်ကုန်) အင်းစိန်မြို့နယ်ဖြစ်ပါတယ်။ သို့ရာတွင် အငြိမ်းစား၏ဆန္ဒပြုချက်အရ (၃)လတစ်ကြိမ် မြန်မာ့စီးပွားရေးဘဏ်(ဘဏ်ခွဲ) မာန်အောင်မြို့တွင် ထုတ်ယူနိုင်ရေး ဆောင်ရွက်ပေးထားကြောင်း မြန်မာ့ဆေးဝါးလုပ်ငန်းရဲ့ တင်ပြချက်အရ သိရှိရပါတယ်။

သို့ဖြစ်ပါ၍ အငြိမ်းစား ဦးထွန်းတင် အနေဖြင့် ၎င်း၏ပင်စင်လစာကို မြန်မာ့စီးပွားရေးဘဏ်၊ မာန်အောင်မြို့တွင် လစဉ်ထုတ်ယူလိုပါက လစဉ်ထုတ်ယူနိုင်ရေးအတွက် မြန်မာ့ဆေးဝါးလုပ်ငန်းနှင့် မြန်မာ့စီးပွားရေးဘဏ်တို့ ညှိနှိုင်းပြီး ဆောင်ရွက်ပေးနိုင်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၂၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းထားတဲ့ မေးခွန်းများဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မြေယာသိမ်းဆည်းခြင်းကိစ္စရပ်များနှင့် မြေယာအငြင်းပွားမှုကိစ္စရပ်များမဖြစ်ပွားမီ ရှေးကာလများကပင် ထုတ်ပေးထားသည့် မြေခွန်ပြေစာပါ ကွင်းအမည်၊ ကွင်းအမှတ်၊ ဦးပိုင်အမှတ်ပါ မြေတည်နေရာမှာ မြေသိမ်းဆည်းခြင်းကိစ္စရပ်များနှင့် မြေယာလုပ်ပိုင်ခွင့် အငြင်းပွားမှုကိစ္စရပ်များ ဖြစ်ပေါ်လာပြီးနောက်ပိုင်း လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန(မြေစာရင်း)မှ ၎င်းတို့၏ မှတ်တမ်းများအရ တောင်သူမှ တင်ပြလာသည့် မြေနေရာနှင့် တောင်သူလက်ဝယ်ရှိ မြေခွန်ပြေစာပါ မြေတည်နေရာမှာ ကွဲလွဲမှုများရှိနေသည်ဟု ဆိုလာပါသဖြင့် အဆိုပါကိစ္စကို မည်ကဲ့သို့ ဖြေရှင်းပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၂၅။**

ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုးဝင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၂၅။**

**ဦးစိုးဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်က ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့ ကြယ်ပွင့်ပြမေးခွန်းက မြေယာသိမ်းဆည်းခြင်း ကိစ္စရပ်များနှင့် မြေယာအငြင်းပွားမှုကိစ္စရပ်များ မဖြစ်ပွားမီ ရှေးကာလများကပင် ထုတ်ပေးထားသည့် မြေခွန်ပြေစာပါ ကွင်းအမည်၊ ကွင်းအမှတ်၊ ဦးပိုင်အမှတ်ပါ မြေတည်နေရာမှာ မြေသိမ်းဆည်းခြင်းကိစ္စရပ်များနှင့် မြေယာလုပ်ပိုင်ခွင့်အငြင်းပွားမှုကိစ္စရပ်များဖြစ်ပေါ်လာပြီးနောက်ပိုင်း လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန(မြေစာရင်း)မှ ၎င်းတို့၏ မှတ်တမ်းများအရ တောင်သူမှ တင်ပြလာသည့် မြေနေရာနှင့် တောင်သူလက်ဝယ်ရှိ မြေခွန်ပြေစာပါ မြေတည်နေရာမှာ ကွဲလွဲမှုများရှိနေသည်ဟု ဆိုလာပါသဖြင့် အဆိုပါကိစ္စကို မည်ကဲ့သို့ ဖြေရှင်းပေးသင့်သည်ဖြစ်ကြောင်းကို ဖြေကြားပေးပါရန် မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြေယာသိမ်းဆည်းခံရခြင်းကိစ္စရပ်အနေမျိုးဖြင့် တိုင်ကြားလာသည့် မြေယာလုပ်ပိုင်ခွင့် အငြင်းပွားမှုများနှင့် ပတ်သက်၍ သက်ဆိုင်ရာမြေစာရင်းဌာနများမှ သဘောထားမှတ်ချက်ပေးရာတွင် တိုင်ကြားသူမှ တင်ပြလာသည့်

မြေနေရာမှာ ကွင်းအမည်၊ ကွင်းအမှတ်၊ ဦးပိုင်အမှတ်များ လွဲမှားကာ တိုင်ကြားလာခြင်း ဖြစ်ပါသဖြင့် အမှုတွဲကိုဆောင်ရွက်ရန် မလိုအပ်သဖြင့် ပိတ်သိမ်းသင့်ပါကြောင်းဆိုကာ မှတ်ချက်ပေးထားသည့်အမှုတွဲများကို တွေ့ရှိခဲ့ရပါတယ်။ ထိုကဲ့သို့ တွေ့ရှိခဲ့ရသည့်အမှုတွဲများကို မိမိအနေဖြင့် အသေးစိတ် ပြန်လည်စိစစ်သောအခါတွင် လွှတ်တော်ကိုယ်စားလှယ် ပါဝင်မှုမရှိခြင်း၊ မိမိမဲဆန္ဒနယ်အတွင်းမှ ကိုယ်တိုင်သိရှိထားသည့်အမှုများဖြစ်နေသည့်အတွက် ဌာနကပေးလာသည့် သဘောထားမှတ်ချက်မှာ လွဲမှားနေကြောင်း သိရှိနေခြင်းနှင့် အချို့အမှုများနှင့်ပတ်သက်၍ ဌာန၏ သဘောထားမှတ်ချက်ကို သံသယရှိသဖြင့် အဆိုပါ မြေယာမှုခင်းများကို ပြန်လည်စိစစ်လိုပါကြောင်း သက်ဆိုင်ရာအဖွဲ့အစည်းသို့ တင်ပြကာ ပြန်လည်စိစစ်ခဲ့ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ အမှုတွဲများကို ပြန်လည်စိစစ်တဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ စုံညီစွာဖြင့် ကွင်းဆင်းစိစစ်ခဲ့ကြရာ မြေယာဆုံးရှုံးခံတောင်သူမှ ၎င်းတို့မိသားစုများ စိုက်ပျိုးလုပ်ကိုင်လာခဲ့သည့် မြေတည်နေရာကို မြေနင်းပြသခြင်း၊ အနားလေးဘက် နယ်နိမိတ်မျဉ်း အဝန်းအတာများကို ပြသခြင်းနှင့် လယ်ကန်သင်းတင် သက်သေများမှ ဟုတ်မှန်ကြောင်း ထောက်ခံပြောပြကြသော်လည်း မြေစာရင်းဌာနမှ ၎င်းတို့၏ မှတ်တမ်းများအရ တောင်သူလက်ဝယ်ရှိ မြေခွန်ပြေစာမှာ တောင်သူမှ မြေနင်း တင်ပြသည့် မြေတည်နေရာနှင့် ကိုက်ညီမှုမရှိဘဲ ကွဲလွဲနေပြီး တောင်သူလက်ဝယ်ရှိ ပြေစာအရဆိုပါက တောင်သူ၏ မြေတည်နေရာမှာ တောင်သူမှ မြေနင်းပြသနေသည့် နေရာမဟုတ်ဘဲ အခြားသောကွင်းအတွင်း၌သာ ရှိနေမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါတယ်။ အဲဒီအခါမှာ တောင်သူက လုံးဝလက်ခံခြင်းမရှိဘဲ သူ၏လက်ဝယ်ရှိ မြေခွန်ပြေစာမှာ မိဘများ လက်ထက်ကပင် ရရှိထားသည့် မြေခွန်ပြေစာဖြစ်ပြီး ဤပြေစာအရပင် မြေခွန်များ ထမ်းဆောင်ကာ ဤမြေယာပေါ်၌ပင် မိသားစုများ လုပ်ကိုင်လာခဲ့သည်မှာ နှစ်ကာလကြာမြင့်ခဲ့ပြီဖြစ်ပါကြောင်း၊ ယခုအခါတွင်မှ သူ၏လက်ဝယ်ရှိ မြေခွန်ပြေစာမှာ သူ၏မြေတည်နေရာနှင့် ကိုက်ညီမှုမရှိသည့် အခြားသောကွင်းအတွင်းမှ မြေခွန်ပြေစာသာ ဖြစ်နေသည်ဆိုသည်ကို သူ့အနေဖြင့် လုံးဝ လက်မခံနိုင်ပါကြောင်း၊ သူ၏ လက်ဝယ်ရှိ မြေခွန်ပြေစာမှာ ရှေးကာလများကပင် ဌာနကထုတ်ပေးထားသည့် မြေခွန်ပြေစာသာဖြစ်ပါကြောင်း၊ သူ၏ လယ်ယာမြေကို သိမ်းဆည်း ဖယ်ရှားခံခဲ့ရ၍ လယ်ယာမြေနှင့် နှစ်အတန်ကြာ ကင်းကွာနေသော်လည်း သူ၏ မျက်စိအောက်၌ပင်ရှိနေသည့် သူ၏လယ်ယာမြေတည်နေရာကို လုံးဝမှတ်မိသိရှိနေပါကြောင်း၊ မြေဆိုသည်မှာ ဤနေရာမှ တခြားမည်သည့်နေရာသို့ ပြောင်းရွှေ့သွားခြင်းမျိုးမရှိဘဲ မြေခွန်ပြေစာနှင့် မြေကြီးမြေပုံ စသည့် မြေစာရင်းမှတ်တမ်းများမှာသာ စာရွက်ပေါ်တွင် အမျိုးမျိုးပြောင်းလဲ၍ မှတ်တမ်းတင်လို့ရသည်သာဖြစ်ပြီး သူ၏မြေယာပိုင်ဆိုင်မှုကို ဖျောက်ဖျက်လို၍သာ ယခုကဲ့သို့ လှည့်ဖျားဆောင်ရွက်ခြင်းဖြစ်ပြီး သူ၏ လယ်ယာမြေမှာ ယခု မြေနင်းပြသသည့် မြေနေရာသည်သာ အမှန်ဖြစ်ကြောင်းကို သဘာဝကျစွာဖြင့် ခိုင်ခိုင်မာမာ

ရပ်တည်ပြောကြားသည်ကို တွေ့ရှိရပြီး မြေစာရင်းဌာန၏ မှတ်တမ်းများအရဆိုပါက တောင်သူ၏ မြေတည်နေရာမှာ တောင်သူမှ မြေနင်းတင်ပြသည့် မြေနေရာမဟုတ်တော့ဘဲ အခြားသောကွင်းနှင့် ကွင်းအမှတ်အတွင်းတွင်သာ ရှိနေမည်ဖြစ်သည့်အတွက် မြေတည်နေရာနှင့် မြေခွန်ပြေစာ ကွဲလွဲကာ ဖြေရှင်းရန်မှာလည်း ခက်ခဲနေပါကြောင်းနှင့် မြေစာရင်းဌာန၏ မှတ်တမ်းများကို အမှန်ယူမည် ဆိုပါက တောင်သူမှာ သူ၏ လယ်ယာမြေကို ဆုံးရှုံးရတော့မည့်အခြေအနေသို့ ရောက်ရှိနေကြောင်း စိစစ်တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ပါ အငြင်းပွားမှုနှင့် ပတ်သက်၍ မြေစာရင်းဌာနသို့ ဆက်လက်စိစစ်မေးမြန်းရာတွင် တောင်သူမှ မြေနင်းပြသသည့် အဆိုပါ မြေနေရာကို အခြားသူတစ်ဦးတစ်ယောက် သို့မဟုတ် အဖွဲ့အစည်းတစ်ခုမှ လုပ်ပိုင်ခွင့် ပုံစံ(၇)များ ရရှိထားခြင်း၊ တချို့မှာ လ/ယ (၃၀)ရရှိထားပြီး၊ တချို့မှာ လုပ်ငန်းများဖော်ဆောင်ထားပြီး ဖြစ်နေသည်ကိုတွေ့ရှိခဲ့ရပြီး မြေစာရင်းဌာနမှ တင်ပြသည့် တောင်သူ၏ မြေတည်နေရာနှင့် ကွဲလွဲစွာ တင်ပြနေခြင်းဖြစ်သည်ဆိုသည့် အခြားသောကွင်းအတွင်းရှိ မြေခွန်ပြေစာပါ မြေတည်နေရာများကို ကွင်းဆင်းစိစစ်သောအခါတွင် တောင်သူမှမြေနင်းပြသည့် သူ၏မူလမြေတည်နေရာနှင့် မြေပြင် အခြေအနေများ မတူညီခြင်း၊ တချို့မြေနေရာများမှာ စိုက်ပျိုးလုပ်ကိုင်၍မရသည့် မြေနေရာများဖြစ် နေခြင်း၊ တချို့မှာ တောင်သူလက်ဝယ်ရှိ မြေခွန်ပြေစာပါ အမည်ပေါက်နာမည်တူဖြစ်နေသူမှ စိုက်ပျိုး လုပ်ကိုင်နေသည့် မြေနေရာဖြစ်နေခြင်းနှင့် တချို့မှာ အခြားသူတစ်ဦးမှ ပုံစံ(၇)ရရှိပြီး စိုက်ပျိုး - - - - - - - - -။

**ဥက္ကဋ္ဌ။** ။ အချိန်ပြည့်သွားပြီ။

**ရောဝတီမြစ်ရေလွှမ်းခြင်းမှ ကာကွယ်နိုင်ရန် မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက်၊ စီတာပူရပ်ကွက်၊ ကချင်စုရပ်ကွက်၊ ကျွန်းပင်သာရပ်ကွက်နှင့် လယ်ကုန်းရပ်ကွက်များ၏ မြစ်ကမ်းပါးတစ်လျှောက် ရေထိန်းကမ်းပါးပေါင်အား သံကူကွန်ကရစ် ကျောက်စီခြင်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၃၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဆီဟူးဒွေ့ မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၃၀။**

**ဦးဆီဟူးဒွေ့၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်က ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆီဟူးဒွေ့ ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်း

လိုတာက ဧရာဝတီမြစ်ရေလွှမ်းခြင်းမှ ကာကွယ်နိုင်ရန် မြစ်ကြီးနားမြို့၊ မန်ခိန်ရပ်ကွက်၊ စီတာပူ ရပ်ကွက်၊ ကချင်စုရပ်ကွက်၊ ကျွန်းပင်သာရပ်ကွက်နှင့် လယ်ကုန်းရပ်ကွက်များ၏ မြစ်ကမ်းပါး တစ်လျှောက် ရေထိန်းကမ်းပါးပေါင်အား သံကူကွန်ကရစ် ကျောက်စီခြင်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း ဖြစ်ပါတယ်။

မြစ်ကြီးနားမြို့သည် ဧရာဝတီမြစ်ကမ်းပါးပေါ်တွင် တည်ရှိကာ ပင်လယ်ရေမျက်နှာပြင် အထက် ပျမ်းမျှအမြင့်ပေ (၄၇၆)ပေ ရှိပါတယ်။ မြစ်ကြီးနားမြို့နယ်ဟာ ရပ်ကွက် (၃၁)ရပ်ကွက်၊ ကျေးရွာအုပ်စု (၁၉)အုပ်စုဖြင့် ဖွဲ့စည်းထားပါတယ်။ မြို့ပေါ်(၃၁)ရပ်ကွက်တွင် လူဦးရေ ထူထပ်ပြီး အိမ်ထောင်စု (၂၉၁၂၄)စု၊ လူဦးရေစုစုပေါင်း (၁၀၈၄၉၁)ဦး နေထိုင်လျက်ရှိပါတယ်။ ဤကဲ့သို့ လူနေ ထူထပ်သဖြင့် ရေကြီးရေလျှံ ရေလွှမ်းမိုးခြင်းရှိလာပါက မိဘပြည်သူများ၏ အိုးအိမ်များ၊ လယ်ယာ မြေနှင့်ခြံများ ပျက်စီးဆုံးရှုံးမှု များစွာရှိလာမည်ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြစ်ကြီးနားမြို့၏ စိုးရိမ် ရေမှတ်မှာ (၁၂၀၀)စင်တီမီတာ ဖြစ်ပါတယ်။ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနရဲ့ မှတ်တမ်း များအရ မြစ်ကြီးနားမြို့သည် ၁၉၇၉ ခုနှစ်တွင် (၁)ကြိမ်၊ ၁၉၉၇ ခုနှစ်တွင် (၁)ကြိမ်၊ ၂၀၀၄ ခုနှစ်တွင် (၁)ကြိမ်၊ ၂၀၁၉ ခုနှစ်တွင် (၁)ကြိမ် စိုးရိမ်ရေမှတ်အထက် (၄)ကြိမ်တိုင်တိုင် မြစ်ရေကျော်လွန် ခဲ့ပြီးဖြစ်ပါတယ်။ ထိုအခါများတွင် မြို့ပေါ်ရပ်ကွက်အချို့ ရေလွှမ်းမိုးခြင်း၊ ကမ်းပါးပြိုခြင်းနှင့် မိဘ ပြည်သူများ၏ အိုးအိမ်စည်းစိမ်များ များစွာဆုံးရှုံးခဲ့ရပါတယ်။ ယခုအခါ မြစ်ကြီးနားမြို့သည် ကချင် ပြည်နယ်အစိုးရအဖွဲ့ ရုံးစိုက်ရာမြို့ ဖြစ်သည်နှင့်အညီ အစိုးရအဆောက်အအုံများ၊ လူနေအိမ်များ ထူထပ်စွာရှိသဖြင့် ထိုကဲ့သို့ မြစ်ရေလွှမ်းခြင်းကြုံရပါက ဆုံးရှုံးမှုများစွာရှိလာနိုင်ပါတယ်။ မြို့ပေါ် ရပ်ကွက်တချို့တွင် ရေထိန်းကမ်းပါးပေါင်များ ဆောင်ရွက်ထားသော်လည်း ဆက်လက်လုပ်ဆောင်ရန် အများအပြားရှိနေပါတယ်။ မိဘပြည်သူများကလည်း ဆောင်ရွက်ရန်ရှိသော ရေထိန်းကမ်းပါးပေါင်အား သံကူကွန်ကရစ်ကျောက်စီခြင်း အမြန်ဆုံး ဆောင်ရွက်ပေးပါရန် တင်ပြလျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ မြို့ပေါ်ရပ်ကွက်များ၏ ကမ်းပါးတစ်လျှောက် ရေထိန်းကမ်းပါးပေါင်အား သံကူကွန်ကရစ်ကျောက်စီခြင်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းအား မိဘပြည်သူများ ကိုယ်စား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

**အချိန်၊ ၁၀:၃၄။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၃၄။**

**ဦးလှကျော် (ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုးဝင်း ရဲ့ မေးခွန်းကို ဦးစွာ ဖြေကြားပါမယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့ Power Point မှာပါရှိတဲ့ မြေယာအငြင်းပွားမှုကိစ္စတစ်ခုကို သာဓကပြုပြီး မြေပြင်အခြေအနေမှာ မြေယာအငြင်းပွားမှုများနှင့် စပ်လျဉ်း၍ လွှမ်းခြုံပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပေါင်းစပ်ဖြေကြားပါမယ်။ ဒီဖြေကြားချက်ဟာ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ဖြေကြားချက်များနှင့် ပေါင်းစပ်ဖြေကြားခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိတို့နိုင်ငံတော်မှာ အခြေခံအရင်းအမြစ်ဖြစ်သည့် လယ်ယာမြေများနှင့် စပ်လျဉ်းပြီး ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်အညီ စီမံခန့်ခွဲဆောင်ရွက်ရတဲ့ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ အဓိကလုပ်ငန်းတာဝန်များကို အနည်းငယ်မျှ အကျဉ်းချုပ် ရှင်းလင်းတင်ပြလိုပါတယ်။ ဌာနအနေနဲ့ လယ်ယာကဏ္ဍဆိုင်ရာ မြေအသုံးချမှုနှင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာစာရင်းများကို ကောက်ယူပြုစုခြင်း၊ ထုတ်ပြန်ခြင်း၊ စီမံခန့်ခွဲခြင်းနှင့် နှစ်စဉ် မြေခွန်၊ ရေခွန်၊ တာတမံခွန် စည်းကြပ်ခြင်းလုပ်ငန်းများ၊ မြေကြီးမြေပုံမှန်ကန်ရေးအတွက် တိုင်းတာ၍ မြေပုံရေးဆွဲထုတ်လုပ်ခြင်း စသည့် အဓိကလုပ်ငန်းများကို အဓိကထား တာဝန်ယူ ဆောင်ရွက်လျက်ရှိပါတယ်။ ယခုလွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းပါ မြေယာစီမံခန့်ခွဲမှုမှာ မြေပြင်တွင် တောင်သူနဲ့ ဌာနကွဲလွဲနေမှု၊ အငြင်းပွားနေတဲ့ မြေတည်နေရာ၊ ကွင်းအမည်ကို ကွင်းအမှတ်နှင့် ဦးပိုင်များ နှင့်စပ်လျဉ်းပြီး ဌာနက အဓိကတာဝန်တစ်ရပ်လည်းဖြစ်တာနဲ့အညီ မည်သို့ စီမံဆောင်ရွက်နေမှု အခြေအနေကိုလည်း ဦးစွာ ရှင်းလင်းအသိပေးဖြေကြားလိုပါတယ်။

နိုင်ငံအဝှမ်း သွင်ပြင်လက္ခဏာအမျိုးမျိုးနှင့် တည်ရှိတဲ့ လယ်ယာမြေများနှင့် စပ်လျဉ်းပြီး ဌာနက မြေတိုင်းတာ၊ မြေပုံရေးဆွဲ ထုတ်လုပ်ထိန်းသိမ်းထားရပါတယ်။ ယခုလို ဆောင်ရွက်တဲ့အခါမှာလည်း တည်ဆဲမြေစာရင်းလက်စွဲဥပဒေ အပိုဒ် ၅၂၀ အရ မှတ်ပုံစာရင်းများ၏ အညွှန်းများဖြစ်သည့်အလျောက် မြေတည်ရာအရပ်၊ အတိုင်းအတာနှင့် နယ်နိမိတ်များကိုဖော်ပြတဲ့ မှတ်တမ်းများထားရှိဆောင်ရွက်ရပါတယ်။ မြန်မာနိုင်ငံမြေစာရင်းလက်စွဲ ဥပဒေ အပိုဒ် ၅၂၅ အရဆိုရင် ဦးပိုင်များကို အမြဲဦးပိုင်နှင့် မမြဲဦးပိုင်ဆိုပြီး ခွဲခြားထားမှုရှိတဲ့အလျောက် ဦးစီးဌာနအနေနဲ့ စာရင်းမြေပုံများမှာ ပြဋ္ဌာန်းချက်နှင့်အညီ လိုက်နာမှတ်သား ဆောင်ရွက်ရသည့်အနေအထား ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးပိုင်တစ်ခုကို ခွဲစိတ်မယ်ဆိုရင် ယင်းရဲ့ လုပ်ငန်းစဉ် (Process) အရ ၎င်းဦးပိုင်အတွက် မူလရေးသွင်းချက်များကို ပိတ်ပြီးခွဲစိတ်ရသည့် အကြောင်းအရင်းဖော်ပြချက်ကို ရေးသားစာရင်းတင်ရပါတယ်။ ယင်းနောက် မှတ်ပုံတင်စာရင်းအဆုံးရှိ ပုံစံအသစ်တစ်ရွက်ပေါ်မှာ ဦးပိုင်ခွဲများကို ရေးသွင်းရပါတယ်။ မြန်မာနိုင်ငံ မြေစာရင်းလက်စွဲဥပဒေအပိုဒ် ၅၅၅ ပြဋ္ဌာန်းချက်နှင့် အညီ ဆောင်ရွက်ရပါကြောင်း ပဏာမ ရှင်းလင်းတင်ပြအပ်ပါတယ်။

လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအနေဖြင့် ယခုလို မြေကြီး၊ မြေပုံနှင့် မြေစာရင်းများ မှန်ကန်မှုရှိစေရေးအတွက် မြေတိုင်းတာပြီး မြေပုံ ရေးဆွဲထုတ်လုပ်ခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ အခြေအနေ အချိန်အခါနှင့်အညီ မြေယာများကို မူလအတိုင်း၊ ပြန်တိုင်း၊ ပြင်တိုင်းခြင်းလုပ်ငန်းအဖြစ် ပိုင်းခြားဆောင်ရွက်ရပါတယ်။ ဒီလိုပိုင်းခြားဆောင်ရွက်သည့်အခါမှာလည်း မြေကွက်မှတ်ပုံတင်စာရင်းအသစ် ပြုလုပ်ခြင်းနှင့် ဦးပိုင်အမှတ်စဉ်အသစ်များ ပြန်လည်ရေးထိုးခြင်းလုပ်ငန်းစဉ်လည်း ရှိပါတယ်။ ဒါကြောင့်မို့လို့ မူလက တိုင်းတာဆောင်ရွက်ထားတဲ့ မြေပုံများရှိတဲ့ဧရိယာများ၊ ဦးပိုင်အမှတ်များဟာ အပြောင်းအလဲဖြစ်သွားတာမျိုးလည်းရှိကြောင်း သုံးသပ်တင်ပြအပ်ပါတယ်။

ယခုကဲ့သို့သော အခြေအနေအရပ်ရပ်ကြောင့် မြေပြင်မှာ လွှတ်တော်ကိုယ်စားလှယ်ကြီး ထောက်ပြမေးမြန်းလာရတဲ့ ယခင် မြေယာသိမ်းဆည်းခြင်းကိစ္စရပ်များနှင့် မြေယာအငြင်းပွားမှုအရ ကိစ္စရပ်များ မဖြစ်ပွားမီကာလက ထုတ်ပေးထားတဲ့ မြေခွန်ပြေစာပါ ကွင်းအမည်၊ ကွင်းအမှတ်၊ ဦးပိုင်အမှတ်ပါ မြေတည်နေရာမှာ မြေသိမ်းဆည်းခြင်းကိစ္စရပ်များနှင့် မြေယာလုပ်ပိုင်ခွင့် အငြင်းပွားမှုကိစ္စရပ်များ ဖြစ်ပေါ်လာပြီးနောက်ပိုင်း တောင်သူများနှင့် ဌာနအကြား အသီးသီး မိမိတို့ဘက်မှ ကိုင်ဆွဲထားကြတဲ့ အထောက်အထားများနှင့် မှတ်တမ်းများအပေါ်မှာ အခြေခံပြီး အငြင်းပွားမှုများ ကြုံတွေ့လာရခြင်းဖြစ်တယ်ဆိုတာကို သုံးသပ်တွေ့ရှိရပါတယ်။ ယင်းသို့ အခြေအနေအရပ်ရပ် ဖြစ်ပေါ်လာမှုအပေါ် အဖြေရှာဖို့ဆိုရင် မြေစစ်အဖွဲ့များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ရပ်ကျေး အဖွဲ့များ၊ ဌာနဆိုင်ရာနှင့် ဒေသနေ ပတ်ဝန်းကျင်သက်သေများနှင့် နိုင်ငံတော်က ချမှတ်ပြဋ္ဌာန်း ထားတဲ့ ဥပဒေမူဝါဒ လုပ်ငန်းစဉ်များနှင့်အညီ မြေပြင်မှာ စိစစ်အဖြေရှာဆောင်ရွက်မှသာ အဖြေကို ရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သိမ်းဆည်းမြေတိုင်ကြားစာများနှင့်စပ်လျဉ်းပြီး လယ်ယာမြေနှင့်အခြား မြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီအနေနဲ့ မူဝါဒ၊ လုပ်ငန်းစဉ်များ ချမှတ် စိစစ် ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ယင်းသို့ ဆောင်ရွက်ရာမှာ လယ်ယာမြေနှင့် အခြား မြေများသိမ်းဆည်းခံမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီအနေဖြင့် စွန့်လွှတ်မြေများကို မူလ လုပ်ကိုင်ခဲ့သည့်တောင်သူများအား စိစစ်ပြီး ယာယီလုပ်ကိုင်ခွင့်ပြုလက်မှတ် ပုံစံ(၃)များ ထုတ်ပေးရ ပါတယ်။ ထိုသို့ထုတ်ပေးရာတွင် သိမ်းဆည်းစဉ်က ဌာနအဖွဲ့အစည်းများအနေဖြင့် သီးစား ချထားခဲ့တဲ့

တောင်သူများနှင့် မူလတောင်သူများ ကွဲလွဲမှုရှိနိုင်ပါတယ်။ ယာယီလုပ်ကိုင်ခွင့် ပုံစံ(၃)အရ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)များ ထုတ်ပေးရပါတယ်။ ယင်းသို့ ထုတ်ပေးခဲ့သည့်အတွက် မူလတောင်သူတချို့အနေဖြင့် ကွဲလွဲမှုဖြစ်ပေါ်လာသည့်အလျောက် နစ်နာမှုများ ရှိကောင်းရှိနိုင်မည်ဖြစ်ပါတယ်။ သို့သော် အဆိုပါနစ်နာမှုအတွက် လက်လွှတ်ဆုံးရှုံးသွားရမည်လို့ မဆိုသာဘဲ ဥပဒေပါအခွင့်အရေးအရ လယ်ယာမြေဥပဒေ ပုဒ်မ ၂၂ နှင့်အညီ မူလမြေယာမှုခင်း ဖွင့်လှစ်လျှောက်ထားနိုင်မည့်အခွင့်အရေးရှိပါတယ်။

သို့ဖြစ်တဲ့အတွက် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအနေနဲ့ သတ်မှတ်ချက်ဥပဒေများနှင့်အညီ ဆောင်ရွက်ခဲ့ရမှုအပေါ်မှာ ရှေးယခင်က ထုတ်ပေးထားတဲ့ မြေခွန်ပြေစာပါကွင်းအမှတ်၊ ကွင်းအမည်၊ ဦးပိုင်အမှတ် ဧရိယာကွဲလွဲမှုများ ရှိလာမယ်ဆိုရင် ကာယကံရှင်များအနေဖြင့် မိမိတို့လုပ်ကိုင်ခဲ့တဲ့ မြေတည်နေရာနှင့် နယ်နိမိတ်ကို အနီးစပ်ဆုံးအထိ ပူးပေါင်းကွင်းဆင်းပြသဆောင်ရွက်ပေးဖို့လိုအပ်မည်ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာလည်း ကန်သင်းတင်တောင်သူလယ်သမားများရဲ့ မှန်ကန်ကြောင်း ထောက်ခံတင်ပြခြင်းတို့အပေါ်မှာ ဌာနမှ ထိန်းသိမ်းထားရှိတဲ့ မှတ်ပုံတင်စာရင်းနှင့် မြေပုံတို့ကို အခြေခံပြီး ကွဲလွဲချက်များအပေါ် ဖြေရှင်းဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ဆောင်ရွက်လည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းအပေါ် ပြန်လည်ရှင်းလင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဆီဟူးဒွေ့ ၏ မေးခွန်းအပေါ် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ကိုယ်စားဖြေကြားပေးပါမယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး ၂၀၁၉ ခုနှစ်၊ မိုးရာသီမြစ်ရေကြီးမှုဖြစ်စဉ်အချိန်ကာလက ကချင်ပြည်နယ်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ဧရာဝတီမြစ်ကမ်းတစ်လျှောက် ရေဖုံးလွှမ်းခဲ့တဲ့ဧရိယာများရဲ့ မြေအနိမ့်အမြင့်အခြေအနေများ သိရှိနိုင်ဖို့အတွက် ကချင်ပြည်နယ်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေနှင့် စီမံဆောင်ရွက်ခဲ့ရာမှာ မြေပြင်တိုင်းတာခြင်း၊ Surveying လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါတယ်။ မန်ခိန်ရပ်ကွက်မှ ပမ္မတီးရပ်ကွက်အထိ စုစုပေါင်းပေအရှည် (၈၃၁၀၀)ကျော်ရှိပြီး မြစ်ရေဝင်ရောက်နိုင်မှုအပေါ်မှာ မူတည်ဆောင်ရွက်နိုင်ဖို့အတွက် လုပ်ငန်းတွေ ဧရိယာအပိုင်း (၃)ပိုင်းခွဲခြားပြီး အကောင်အထည်ဖော်ခဲ့ကြောင်း ဖြေကြားထားပါတယ်။

အဆိုပါ အပိုင်း(၃)ခုအနက် အရေးကြီးဆောင်ရွက်ရန် လိုအပ်တဲ့အပိုင်း(၂)ဟာ ကျွန်းပင်သာရပ်ကွက်မှ ရေကြည်ရပ်ကွက်အထိ ဖြစ်ပါတယ်။ ပေတိုင်(၃၂၆၀၀)မှ ပေတိုင်(၄၆၆၀၀)ကြား ကျောက်စီမြေထိန်းနံရံတည်ဆောက်ရန်နှင့် ပေတိုင်(၄၆၆၀၀)မှ ပေတိုင်(၇၁၈၀၀)ကြား မြေသားတာပေါင်ဆောင်ရွက်ရန်အတွက် လိုအပ်မည်ဖြစ်ပါတယ်။ ရေနစ်မြုပ်မှု အများဆုံးဖြစ်တဲ့ အပိုင်း(၂)ကို ပထမ

ဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျန်အပိုင်း(၂)ခုကို နှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည့် အခြေအနေဖြစ်ကြောင်း ဖြေကြားထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရောဝတီမြစ်ရေ ဝင်ရောက်မှုမှ ကာကွယ်ခြင်းအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းပမာဏမှာ များပြားတဲ့အတွက် ကနဦးအနေဖြင့် မြေပြင်တိုင်းတာခြင်းလုပ်ငန်း (Surveying)၊ မြေအမျိုးအစားစမ်းသပ်ခြင်း (Soil Test)၊ ဘူမိဗေဒစူးစမ်းလေ့လာခြင်း (Geological Investigation) စတဲ့ အကြိုဖြစ်မြောက်နိုင်စွမ်း (Feasibility Study) လုပ်ငန်းများကို အပိုင်းအလိုက် ဦးစွာ ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါတယ်။ အဆိုပါလုပ်ငန်းများ စီမံဆောင်ရွက်မှုမှ ရရှိလာသည့် အချက်အလက်တွေအပေါ်မှာ အခြေခံပြီး မိမိတို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ရုံးချုပ်မှ လုပ်ငန်းအကောင်အထည်ဖော်မည့် ဒီဇိုင်းများကို ရေးဆွဲဆောင်ရွက်ရတာဖြစ်ပါတယ်။ ဒီဇိုင်းပုံစံများ ရရှိလာတာနှင့်တစ်ပြိုင်တည်း တစ်ဆက်တည်းမှာပဲ အသေးစိတ် ခန့်မှန်းခြေကုန်ကျငွေကို စိစစ်တွက်ချက်ပြီး တွက်ချက်မှုအပေါ် အခြေခံ၍ ရန်ပုံငွေလိုအပ်ချက်ကို ဘဏ္ဍာနှစ်အလိုက် တစ်နှစ်ချင်း လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်နယ်အစိုးရအဖွဲ့မှ ဖြေကြားထားပါတယ်။

သို့ဖြစ်ပါ၍ မြစ်ကြီးနားမြို့၊ ရောဝတီမြစ်ရေလွှမ်းခြင်းမှကာကွယ်နိုင်ရန် မြစ်ကမ်းပါး တစ်လျှောက် ကျောက်စီ မြေထိန်းနံရံတည်ဆောက်ခြင်း၊ မြေသားတာပေါင်ဖို့ခြင်း၊ ရေထိန်းတံခါး တည်ဆောက်ခြင်း လုပ်ငန်းများကို ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဆောင်ရွက်ပေးသွားဖို့ရှိပါတယ်။ ယင်းအတွက် အကြိုဆောင်ရွက်ရမည့်လုပ်ငန်းများ စီမံ၍ လိုအပ်မည့် ရန်ပုံငွေများကို ပြည်နယ်အစိုးရအဖွဲ့ရဲ့ရန်ပုံငွေမှ နှစ်အလိုက် ကျခံဆောင်ရွက်ပေးနိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ဖြေကြားချက်ကို ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ မိုက်ပေးလိုက်ပါ။

**ဦးစိုးဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ ကျွန်တော့်မေးခွန်းနှင့် ပတ်သက်ပြီး ပြန်လည်ဖြေကြားပေးတဲ့ ဝန်ကြီးကို အထူးကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ဝန်ကြီးဖြေကြားချက်က ကျွန်တော့်မေးခွန်းနဲ့ နည်းနည်းလေး အကုန် မငုံမိသလို ဖြစ်နေတယ်။ အဲဒါကို ကျွန်တော် နည်းနည်းလေး ပြန်ပြီး ဝန်ကြီးကို တင်ပြပါမယ်။ ဆိုလိုချင်တာက မူလလယ်ယာမြေ တည်နေရာ ရှိတယ်။ လယ်ယာမြေနှင့် ပတ်သက်တဲ့ မြေခွန်ပြေစာ၊ ဦးပိုင်အမှတ် ရှိတယ်။ ဒါကို လွန်ခဲ့တဲ့ နှစ်ပေါင်း (၃၀)(၄၀)ကျော်လောက်က ဒီမြေခွန်ပြေစာနဲ့ပဲ သူတို့က မြေခွန်တွေ ထမ်းဆောင်ပြီး အလုပ်လုပ် နေတယ်။ ဒါပေမဲ့ ကာလတစ်ခုမှာ ပြဿနာဖြစ်သွားတယ်။ ပြဿနာဖြစ်သွားပြီး ပြောရလို့ရှိရင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့တို့၊ ဘာတို့က မြေယာသိမ်းဆည်းခြင်းကိစ္စရပ်တွေ

ရှိတယ်။ အခုနောက်ပိုင်း ကျွန်တော်တို့ ကော်မတီတွေရှိလာတော့ ပြန်တိုင်တဲ့အခါ ကျွန်တော်တို့ စိစစ်တဲ့အခါကျ လယ်သမားက ပြောတယ်။ ဒီမြေစည်းဟာ သူ့မြေစည်း။ ဒီမြေစည်းနဲ့ ပတ်သက်သည့် ဒီမြေခွန်ပြေစာသည် လွန်ခဲ့တဲ့ နှစ်ပေါင်း (၃၀)(၄၀) မိဘဘိုးဘွားလက်ထက်ကလည်း ဒီပြေစာနှင့် အခွန်ထမ်းဆောင်ခဲ့ပြီး လုပ်ကိုင်တယ်။ နောက်ပိုင်း ပြဿနာဖြစ်ပြီး မြေစာရင်းဌာနက ပြောသည့်အခါ ကျတော့ တောင်သူလက်ဝယ်မှာရှိသည့် ပြေစာအရဆိုရင် ဒီမြေစည်းဟာ သူ့မြေစည်းမဟုတ်ပါဘူး။ ဒီပြေစာအရဆို အခြားသောကွင်း အတွင်းမှာရှိတယ်ဆိုပြီး ပြောလိုက်တော့ တောင်သူရဲ့ လက်ထဲမှာ ရှိသည့် မြေခွန်ပြေစာနှင့် မြေနေရာ မကိုက်ညီဘူး။ တောင်သူလက်ထဲမှာရှိသည့် မြေခွန်ပြေစာအရ ဆိုရင် အခု ပြသနေသည့်နေရာ မဟုတ်ပါဘူး။ အခြားသောကွင်းအတွင်းမှာ ရောက်နေတယ်။ ဒါဆိုရင် သူ့မြေစည်းဟာ ပျောက်သွားပြီ။ အခြားသော ကွင်းအတွင်းမှာ ရှိနေတယ်။ အဲဒီအခြားသောကွင်း အတွင်းမှာ ဘယ်ကွင်းမှာရှိလဲဆိုပြီး လိုက်စိစစ်သည့်အခါကျတော့လည်း မူလ ဒီတောင်သူလုပ်သည့် မြေပြင်အခြေအနေနဲ့ လွဲတယ်။ တချို့ကျင်းတွေ၊ ချောက်တွေ စိုက်ပျိုးလို့မရတဲ့ ကွင်းအမည် ကွင်းအမှတ်ထဲကို လွဲပြီးတော့ပြတယ်။ ဆိုလိုချင်တာက သူ့ရဲ့ မူလလုပ်ကိုင်ခဲ့သည့် မြေနေရာကို အခြားသူတစ်ဦးတစ်ယောက်ကို ကာလတစ်ခုမှာ သူတို့က ပေးလိုက်တယ်။ ပေးလိုက်တဲ့အတွက် ကြောင့် ဒီမြေနဲ့ --------။

**ဥက္ကဋ္ဌ။** ။ ကိုယ်စားလှယ်တော်ကြီး လိုရင်းကိုပြောပါ။

**ဦးစိုးဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ မြေခွန်ပြေစာနှင့် မြေတည်နေရာ မကိုက်ညီသည့်အပေါ်မှာ ကျွန်တော်တို့က မြေစာရင်းမှတ်တမ်းကိုပဲ အမှန်ယူရမလား။ သို့မဟုတ် တောင်သူမှ မြေနင်းပြသည့် မြေတည်နေရာကိုပဲ သူ့မြေဖြစ်ကြောင်း အမှန်ယူမလား ဆိုတာကို မေးမြန်းခြင်းဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဖြေလိုက်ပါ။

**ဦးလှကျော် (ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ မှန်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးတဲ့မေးခွန်းနှင့် မိမိအဖြေထဲမှာလည်း ပါသွားပြီ ဖြစ်ပါတယ်။ မြေက မြေသိမ်းဆည်းစဉ်က ကွင်းဖွဲ့တိုင်းတာခြင်းမရှိသည့် မြေထဲပါသလို ကွင်းဖွဲ့ တိုင်းတာပြီးရှိသည့်မြေထဲ ပါကောင်း ပါမှာပါ။ နောက်တစ်ခါ သိမ်းဆည်းထားသည့်မြေအပေါ်မှာ လည်းပဲ ဒီမြေကို သိမ်းဆည်းပြီး အကောင်အထည်ဖော်ဆောင်ရွက်တဲ့ အဖွဲ့အစည်း၏ စီမံခန့်ခွဲမှုအရ အချို့အပိုင်းတွေမှာဆိုရင် သီးစားပြန်ချတဲ့ကိစ္စရပ်တွေအပေါ် အောက်ခြေမှာ မြေယာနှင့်ပတ်သက်ပြီး ရှုပ်ထွေးမှုတွေ ရှိပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော် ဖြေထားတဲ့အထဲမှာ တကယ်တမ်းနစ်နာခဲ့တယ်ဆိုလို့ရှိရင် နစ်နာတဲ့အလျောက် ဆောင်ရွက်သွားနိုင်သည့် နည်းလမ်းများနှင့် လုပ်ငန်းစဉ်တွေလည်းရှိပါတယ်။

နောက်တစ်ချက်က ဒီလိုဖြစ်ပေါ်လာသည့်အနေအထားမှာ ပြောင်းသွားသည့်အနေအထားလေးတွေကို မိမိ ရှင်းလင်းစွာ ဖြေကြားပြီးလည်းဖြစ်ပါတယ်။ အကယ်၍များ ဒီကိစ္စဟာ တောင်သူကာယကံရှင်ဘက်က အကျိုးနစ်နာမှုရှိလာပြီဆိုလို့ရှိရင် မိမိတို့ ဗဟိုသိမ်းဆည်းခံရသည့် မြေအဖွဲ့၊ နောက်တစ်ခါ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွေက ပြန်လည်စိစစ် ဆောင်ရွက်ပေးနိုင်မည့်အခွင့်အလမ်းလည်းရှိပါတယ်။ နောက်ဆုံးအချိန်မှာ ပြဋ္ဌာန်းထားသည့် လယ်ယာမြေဥပဒေပုဒ်မ ၂၂ အရ သူဟာ သူ့မြေ ဆုံးရှုံးသွားတယ်လို့ မှတ်ယူနိုင်သည့် အနေအထားမျိုး မရှိဘဲနဲ့ အကျိုးခံစားခွင့် အခွင့်အလမ်း သူ့မှာရှိပါတယ်။ မြေယာမှုခင်း ဖွင့်လှစ်ဆောင်ရွက်တဲ့အနေအထားပါ။ အဲဒီအချိန်ကျရင် ကျွန်တော်တို့က အဘက်ဘက်က ပြန်လည်စိစစ်လိုက်သည့်အချိန်ဆိုရင် ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီး ဆက်စပ်မေးမြန်းတဲ့ မေးခွန်းရဲ့အဖြေဟာ အဲဒီမှာ ပြန်လည်ပေါ်ပေါက်တဲ့အနေအထားမျိုးဖြစ်တယ် ဆိုတဲ့အကြောင်း ဆက်စပ်မေးခွန်းအပေါ်မှာ မိမိတို့ဝန်ကြီးဌာနအနေနဲ့ ပြန်လည်ဖြေကြားခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးကို သူမေးတာက၊ ပြေစာကို အမှန် ယူရမလား။ ဝန်ကြီးတို့ဌာနမှာရှိတဲ့ မြေပုံကို အမှန်ယူရမလား။ အဲဒါကို သူမေးတာ။ အဲဒါကို နည်းနည်း ဖြေပေးလိုက်ပါ။ အဲဒီလို ပြေစာရှိတယ်။ ပြေစာနဲ့ ကွဲသွားတယ်။ ကွဲသွားတော့ ပြေစာကို အမှန်ယူရမလား။ ဝန်ကြီးဌာနက မြေကြီးမြေပုံကိုအမှန်ယူရမလားဆိုတာ အဲဒါမေးထားတာ။ အဲဒါလေး နည်းနည်းရှင်းပေးလိုက်ပါ။

**ဦးလှကျော် (ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ မိမိ၏ ဖြေကြားချက်ထဲမှာလည်း ပါ ပါတယ်။ ဒီပြေစာအရ နဂိုကရှိလာသည့်ဟာကို ပြောင်းလဲသွားပါတယ်။ ယခုလို ပြောင်းလဲသွားတဲ့အလျောက် နောက်ဆုံးမှာ စာရင်းမှတ်တမ်းအရ တည်သွားတဲ့ဟာက မြေစာရင်းရဲ့ ဥပဒေကြောင်းအရ စာရင်းမှတ်တမ်းတင်ထားပြီးတာက အမှန်ဖြစ်ပါတယ်။ သို့သော် ကာယကံရှင်အနေနဲ့ သူ့မှာ ဆုံးရှုံးနစ်နာမှုအတွက် စောဒကတက်စရာရှိလာပြီဆိုရင် ပြန်လည်စိစစ်ပေးရတဲ့ အခွင့်အလမ်းရှိတယ် ဆိုသည့်အကြောင်း မိမိက ဖြေကြားခြင်းဖြစ်ပါတယ်။

**အချိန်၊ ၁၀:၄၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ASEAN University Games ပြိုင်ပွဲများ၌ မြန်မာ့တက္ကသိုလ် ရေကူးအသင်းသည် ယခုအခါ ပါဝင်ယှဉ်ပြိုင်နိုင်ခြင်း မရှိတော့သည့်အတွက် ယခင်ကကဲ့သို့ မြန်မာ့တက္ကသိုလ်ပေါင်းစုံ ရေကူးပြိုင်ပွဲများ ကျင်းပ၍ ရေကူးအားကစားလောက ယခုထက် ပိုမိုမြှင့်တင်ပေးနိုင်ရန် မည်ကဲ့သို့ ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် လက်ရှိ မြန်မာ့ရေကူးအဖွဲ့ချုပ် ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌ တို့ နုတ်ထွက်သွားပြီးနောက် အမှုဆောင်သစ်များ ပြန်လည်ရွေးချယ်မှုကို မည်သည့်ကာလ၌ မည်သို့ အစားထိုး ရွေးချယ်နိုင်မည်ကို သိရှိလိုခြင်းတို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၄၈။**

ပထမဦးစွာ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၄၉။**

**ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်က ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း ဖြစ်ပါတယ်။ ကျွန်တော် မေးမယ့် မေးခွန်းနဲ့ ပတ်သက်ပြီး Power Point အသုံးပြုခွင့် တောင်းခံအပ်ပါတယ်။


လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ASEAN University Games ကို (၂)နှစ်တစ်ကြိမ် ပုံမှန်ကျင်းပလေ့ရှိပြီး အရှေ့တောင်အာရှကျွန်းဆွယ်အဖွဲ့ဝင်နိုင်ငံများမှ ပါဝင်ယှဉ်ပြိုင်လေ့ရှိရာ လာမယ့်ပြိုင်ပွဲကို ရက်အတိအကျမသတ်မှတ်သေးပေမယ့် အကြိမ်(၂၀)ပြည့်မြောက် ကျင်းပမယ့်ပွဲဖြစ်ကြောင်း သိရပါတယ်။ ယခင်ကာလများကနေ ယခုအချိန်အထိ မြန်မာ့တက္ကသိုလ် ရေကူးအသင်းအနေနဲ့ ၂၀၁၀ ပြည့်နှစ်၊ ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့မှာ ရေကူးအားကစားသမား(၂)ဦးနဲ့လည်းကောင်း၊ ၂၀၁၄ ခုနှစ်၊ အင်ဒိုနီးရှားနိုင်ငံ၊ ပလပန်းမြို့တွင် ရေကူးသမား (၆)ဦးနဲ့လည်းကောင်း၊ ၂၀၁၈ ခုနှစ်၊ မြန်မာနိုင်ငံ နေပြည်တော်မှာ ရေကူးအားကစားသမား(၁၈)ဦးနဲ့လည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးပေမယ့် ယခုလက်ရှိ ထိုင်းနိုင်ငံမှာ ကျင်းပမယ့် ASEAN University Games ပြိုင်ပွဲမှာ မြန်မာနိုင်ငံအနေနဲ့ ရေကူးအားကစားကို ပါဝင်ယှဉ်ပြိုင်ဖို့ စာရင်းမပါဝင်ခဲ့တာကို သတင်း၊ ဂျာနယ် ဖော်ပြချက်များအရ သိရှိရပါတယ်။ ဒ့ါအပြင် လက်ရှိကာလ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ အနေနဲ့ ရေကူးအားကစားကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင် သိသာထင်ရှားသည့် လုပ်ဆောင်ချက်မျိုး တစ်စုံတစ်ရာမှ ဖော်ဆောင်နိုင်ခြင်းမရှိသေးခင်မှာဘဲ အမှုဆောင်အဖွဲ့ဝင်များအဖြစ်လည်း နုတ်ထွက်သွားသကဲ့သို့ တာဝန်ရှိသူနှင့် ရေကူးအားကစားကဏ္ဍစိတ်ဝင်စားကြသည့် မိဘပြည်သူများ တွေ့ဆုံစဉ်မှာ ကြားသိခဲ့ရတဲ့အတွက် လိုအပ်နေတဲ့အမှုဆောင်နေရာများကို အစားထိုးအသစ် ပြန်လည်

ရွေးချယ်ခြင်းအားဖြင့် ရပ်တန့်နေတဲ့ မြန်မာ့ရေကူး အားကစားကဏ္ဍကို မြှင့်တင်ပေးနိုင်မယ်လို့ ယူဆမိပါတယ်။

ဒါကြောင့်မို့လို့ မြန်မာနိုင်ငံ တက္ကသိုလ်အားကစားကဏ္ဍရဲ့ တစ်ထောင့်တစ်နေရာဖြစ်တဲ့ ရေကူးအားကစားကဏ္ဍနဲ့ ပတ်သက်ပြီး အမြန်ဖြည့်စွက်လုပ်ဆောင်ရန် လိုအပ်နေသော ဖော်ပြပါ မေးခွန်းဖြစ်တဲ့ ASEAN University Games ပြိုင်ပွဲများ၌ မြန်မာ့တက္ကသိုလ် ရေကူးအသင်း ယခုအခါ ပါဝင်ယှဉ်ပြိုင်နိုင်ခြင်းမရှိတော့သည့်အတွက် ယခင်ကကဲ့သို့ မြန်မာ့တက္ကသိုလ် ပေါင်းစုံရေကူးပြိုင်ပွဲများကျင်းပ၍ ရေကူးအားကစားလောကကဏ္ဍကို ယခုထက်ပိုမို မြှင့်တင်ပေးနိုင်ရန် မည်ကဲ့သို့သော အစီအစဉ်များ ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနဲ့ သိသာထင်ရှားသည့် ကြိုးစားမှုများ မဖော်ဆောင်နိုင်ခဲ့သော လက်ရှိ မြန်မာ့ရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတို့အစား အမှန်တကယ် ဦးဆောင်နိုင်မည့် အမှုဆောင်အသစ်များ ပြန်လည်ရွေးချယ်နိုင်မှုကို မည်သည့်ကာလ၌ မည်သို့ အစားထိုးရွေးချယ်နိုင်မည်ကို သိရှိလိုသည့်မေးခွန်းအား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဌာနသို့ လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

၂၀၂၀ အာဆီယံတက္ကသိုလ် ပြိုင်ပွဲတွင် ကျင်းပမည့် အားကစားနည်းများ ပြစာသားပုံ (ဂ)

| ခုနှစ် | နိုင်ငံအမည် | ကျင်းပသည့်မြို့ | ရေကူးအားကစားသမား အရေအတွက် |
|---|---|---|---|
| ၂၀၁၀ | ထိုင်း | ချင်းမိုင် | ၂ ဦး |
| ၂၀၁၄ | အင်ဒိုနီးရှား | ပလပန်း | ၆ ဦး |
| ၂၀၁၈ | မြန်မာ | နေပြည်တော် | ၁၈ ဦး |




Daily Eleven သတင်းစာမှ မြန်မာနိုင်ငံက အားကစားနည်း ကိုးမျိုး ဝင်ရောက်ယှဉ်ပြိုင်ရန်စီစဉ်ထားခြင်း ပြပုံ (ဂ-၁)



၂၀၁၄ ခုနှစ်၊ အင်ဒိုနီးရှားနိုင်ငံ ပလပန်းမြို့ ASEAN University Games ပြိုင်ပွဲမှ ရေကူးအားကစား၏ မြင်ကွင်းပုံ (ဂ–၂)




**ရော၀တီတိုင်းဒေသကြီး၊ အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ပုသိမ်မြို့ရှိ ကျောက်တိုင်အားကစားကွင်းနှင့် ကိုးသိန်းအားကစားကွင်းတို့အား ဝန်ကြီးဌာနအနေဖြင့် ပြန်လည်ရယူ၍ မျိုးဆက်သစ်လူငယ်များ အားကစားပြုလုပ်နိုင်ရန် တိုင်းအားကစားကွင်းနှင့် မြို့နယ်အားကစားကွင်းအဖြစ် ပြန်လည်သတ်မှတ်ပေးရန်အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၅၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရော၀တီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးမိုး မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၅၁။**

**ဦးစိုးမိုး၊ ရော၀တီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်က ရော၀တီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးမိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရော၀တီတိုင်းဒေသကြီး အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ပုသိမ်မြို့ရှိ ကျောက်တိုင်အားကစားကွင်းနှင့် ကိုးသိန်းအားကစားကွင်းတို့အား ဝန်ကြီးဌာနအနေဖြင့် ပြန်လည်ရယူ၍ မျိုးဆက်သစ်လူငယ်များ အားကစားပြုလုပ်နိုင်ရန် တိုင်းအားကစားကွင်းနှင့် မြို့နယ်အားကစားကွင်းအဖြစ် ပြန်လည်သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရော၀တီတိုင်းဒေသကြီး၊ ပုသိမ်မြို့ရှိ ကျောက်တိုင်အားကစားကွင်းအား ၁၉၇၀ ပြည့်နှစ်တွင် တည်ဆောက်ခဲ့ပြီး ဧရိယာအားဖြင့် (၈.၉၀၈)ဧက ကျယ်ဝန်းပါတယ်။ ကိုးသိန်းအားကစားကွင်းကို ၁၉၈၉–၁၉၉၀ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး (၁၃.၉၅)ဧက ကျယ်ဝန်းပါတယ်။ အဆိုပါ အားကစားကွင်း(၂)ကွင်း စတင်ဖွင့်လှစ်ချိန်မှ စတင်ပြီး

အားကစားနည်းမျိုးစုံအတွက် အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်ပေးခဲ့ပြီး တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အားကစားသမားများအတွက် စခန်းသွင်းလေ့ကျင့်ရာနေရာလည်း ဖြစ်ခဲ့ပါတယ်။ တိုင်းဒေသကြီး လက်ရွေးစင်ဘောလုံးအသင်းကို စခန်းသွင်းလေ့ကျင့်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီး ဘောလုံး ပြိုင်ပွဲများကို သွားရောက်ယှဉ်ပြိုင်ခဲ့ကြပါတယ်။ ထူးချွန်သော အားကစားသမား များစွာကိုလည်း မွေးထုတ်ပေးနိုင်ခဲ့ပါတယ်။ ယခုအခါမှာ ဘောလုံးအဖွဲ့ချုပ်ကနေပြီး ကျောက်တိုင်အားကစားကွင်းအား ၃၀-၆-၂၀၁၁ ရက်နေ့မှလည်းကောင်း၊ ကိုးသိန်းအားကစားကွင်းကို ၁၂-၁၁-၂၀၁၀ ရက်နေ့မှ လည်းကောင်း စတင်ပြီး တစ်နှစ်လျှင် ကျပ်သိန်း(၃၀)နှုန်းဖြင့် နှစ်(၃၀)စာ ငှားရမ်းလိုက်သည့်အချိန် မှစပြီး အားကစားဝါသနာရှင်လူငယ်များ အလွယ်တကူ ဝင်ရောက်ကစားခွင့်မရှိတော့ပါဘူး။ အဲဒီလို မရှိတော့ဘဲနဲ့ ကွင်းထဲမှာ ဝင်ရောက်ကစားလိုသည့် အားကစားသမားများအနေဖြင့် ကျောက်တိုင်ကွင်း ဆိုပါက ငွေကျပ်(၅၀၀၀၀)၊ ကိုးသိန်းကွင်းဆိုပါက ငွေကျပ်(၂၅၀၀၀) ပေးဆောင်ပြီးမှ ကစားခွင့်ပြု သည်ဟုလည်း ကြားသိရပါတယ်။ မျိုးဆက်သစ်လူငယ် ဘောလုံးသမားများအနေဖြင့် စံချိန်မီကွင်း များတွင် မကစားကြရတော့ဘဲ ကွင်းငယ်များတွင်သာ ကစားနေကြရပါတယ်။ ပြည်နယ်/တိုင်း ဒေသကြီး အားကစားပြိုင်ပွဲများကို သွားရောက်ယှဉ်ပြိုင်မည့် ရေဝတီတိုင်းဒေသကြီးအသင်း အနေဖြင့် လေ့ကျင့်ခန်းဆင်းရန် ကွင်းမရှိတော့ဘဲ ၎င်းတို့ သင်တန်းပြနေချိန် နံနက်ပိုင်းနှင့် ညနေ ပိုင်းများတွင် ကွင်းအပြင် ပြေးလမ်းတွင် လေ့ကျင့်နေရသည့် အခြေအနေဖြစ်ပါတယ်။ ထို့အပြင် ပြေး၊ ခုန်၊ ပစ် ကစားနည်းများအတွက် စနစ်တကျ လေ့ကျင့်သင်ကြားပြသရန်နေရာ များလည်း ဆုံးရှုံးသွားပြီး ကြုံသလို လေ့ကျင့်နေရပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point ဖြင့် တင်ပြခွင့်ပြုဖို့ တောင်းခံအပ်ပါတယ်။ ဒါက ကျွန်တော်တို့ ကိုးသိန်းကွင်းနှင့် ကျောက်တိုင်ကွင်း တွေရဲ့ပုံတွေ ဖြစ်ပါတယ်။ ဒါက ကိုးသိန်းကွင်းမှာရှိသည့် တင်းနစ်ကစားကွင်း ပျက်စီးနေတာနှင့် အောက်ပုံက ပြေး၊ ခုန်၊ ပစ်ကစားရာမှာ သုံးသည့်ပစ္စည်းတွေ ပျက်စီးနေတဲ့ပုံတွေ ဖြစ်ပါတယ်။ ဒါက ပြေး၊ ခုန်၊ ပစ်အားကစားပြိုင်ပွဲကို သွားရောက်ယှဉ်ပြိုင်မည့် မျိုးဆက်သစ်အားကစားသမားတွေ လေ့ကျင့်နေရတဲ့အခြေအနေတွေပါ။ ဘာကြောင့်လဲဆို ဒါတွေက ပြေးလမ်းရဲ့ဘေးမှာ ဖြစ်သလိုပဲ သဲပုံပြီး အမြင့်ခုန်တဲ့တန်းတွေကို လူကရပ်ကိုင်ပြီး ခုန်နေရ၊ လေ့ကျင့်နေရတာကလည်း မဖြစ်သင့်တဲ့ အနေအထား ဖြစ်ပါတယ်။

ဒါကတော့ ကျွန်တော်တို့ ပုသိမ်မြို့ ကန်သုံးဆင့်မှာရှိတဲ့ သဲကွင်းလို့ခေါ်သည့် ကွင်းငယ်မှာ ပုသိမ်မြို့နယ်၊ အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူးကျင်းပခဲ့သည့် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဘောလုံးပြိုင်ပွဲ ကျင်းပခဲ့တဲ့ပုံဖြစ်ပါတယ်။ ယခင်က ဘောလုံးကွင်းရဲ့ အပြင်ဘက်ပတ်လမ်းတွေဟာ ပြေး၊ ခုန်၊ ပစ်အားကစားသမားများအတွက် ပြေးလမ်းများ၊ သံလုံးပစ်၊ သံပြားပစ်၊ လှံတံပစ် စသည့်ကစားနည်းများအတွက် လေ့ကျင့်ရန် ပြိုင်ပွဲကျင်းပရန် နေရာများ

သတ်မှတ်ထားရှိခဲ့လို့ စနစ်တကျ ဆောင်ရွက်နိုင်ခဲ့ကြသော်လည်း ယခုအခြေအနေက ပုံတွေမှာ မြင်တွေ့ကြရတဲ့အတိုင်း ဖြစ်ပါတယ်။ အားကစားကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်တဲ့ နေရာမှာ ကဏ္ဍစုံ ဖွံ့ဖြိုးအောင်ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ အားကစားနည်း တစ်ခုနဲ့တစ်ခု ခွဲခြား သလိုမဖြစ်ဖို့လည်း အထူးလိုအပ်လှပါတယ်။ မျိုးဆက်သစ်အားကစားသမားများ နိုင်ငံ့ဂုဏ်ဆောင် အားကစားကြယ်ပွင့်များ ဖြစ်ပေါ်လာစေရန် စနစ်တကျ လေ့ကျင့်သင်ကြားပေးနိုင်ရန် စံချိန်မီ အားကစားကွင်းများ အထူးလိုအပ်လျက်ရှိပါတယ်။

သို့ပါသောကြောင့် ဧရာဝတီတိုင်းဒေသကြီး အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန် အတွက် ပုသိမ်မြို့ရှိ ကျောက်တိုင်အားကစားကွင်းနှင့် ကိုးသိန်းအားကစားကွင်းတို့အား ဝန်ကြီးဌာန အနေဖြင့် ပြန်လည်ရယူ၍ မျိုးဆက်သစ်လူငယ်များ အားကစားပြုလုပ်နိုင်ရန် တိုင်းအားကစားကွင်းနှင့် မြို့နယ်အားကစားကွင်းအဖြစ် ပြန်လည်သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို ဒေသခံပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ကိုးသိန်းကွင်းနှင့် ကျောက်တိုင်ကွင်းတို့၏ မြင်ကွင်းပုံ (ဃ)



ပြေး၊ ခုန်၊ ပစ်အားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မျိုးဆက်သစ်အားကစားသမားများ လေ့ကျင့်နေရသည့်အခြေအနေ မြင်ကွင်းပုံ (ဃ-၁)



ပုသိမ်မြို့နယ်၊ အားကစားနှင့် ကာယပညာဦးစီးဌာနက ဦးစီးကျင်းပခဲ့သည့် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဘောလုံးပြိုင်ပွဲကျင်းပခဲ့သည့် မြင်ကွင်းပုံ (ဃ-၂)



**အချိန်၊ ၁၀:၅၅။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၅၅။**

**ဒေါက်တာမြလေးစိန် (ဒုတိယဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်မက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် ဖြစ်ပါတယ်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း ၏ ကြယ်ပွင့်ပြမေးခွန်းအား ဦးစွာ ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ ယခု မေးခွန်းကို ပညာရေးဝန်ကြီးဌာနနဲ့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့ ပေါင်းစပ်ဖြေကြားသွား မှာဖြစ်ပါတယ်ရှင်။ ပညာရေးဝန်ကြီးဌာနအနေဖြင့် တက္ကသိုလ်အားကစားကဏ္ဍ တိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍လည်းကောင်း၊ နိုင်ငံတကာတက္ကသိုလ် အားကစား ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်စေရန်အတွက်လည်းကောင်း၊ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ ကာယအားနှင့်ဉာဏအား ဖွံ့ဖြိုးတိုးတက်စေရန်အတွက်

လည်းကောင်း၊ တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူအချင်းချင်း အားကစားမှတစ်ဆင့် ချစ်ကြည် ရင်းနှီးမှုများ ရရှိစေရန်အတွက်လည်းကောင်း ရည်ရွယ်၍ သက်ဆိုင်ရာ တက္ကသိုလ် အသီးသီးတွင် နှစ်စဉ် အားကစားပြိုင်ပွဲများကို ဘာသာရပ်အလိုက် ပြိုင်ပွဲများကျင်းပပေးခြင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်း ဇုန်အလိုက် တက္ကသိုလ်ပေါင်းစုံပြိုင်ပွဲများ ကျင်းပပေးခြင်း၊ အဆင့်မြင့်ပညာဦးစီးဌာနမှကြီးမှူး၍ ဇုန်ပေါင်းစုံတက္ကသိုလ် အားကစားပြိုင်ပွဲများကို အထက် မြန်မာပြည်နှင့် အောက်မြန်မာပြည် နှစ်ခုခွဲ၍ ကျင်းပပေးခြင်း၊ အဆိုပါ အထက်နှင့်အောက် အားကစား ပြိုင်ပွဲများမှ ထူးချွန်သူများကို မြန်မာနိုင်ငံတက္ကသိုလ် လက်ရွေးစင်အဖြစ် ရွေးချယ်၍ ပြိုင်ပွဲများ ကျင်းပပေးခြင်း စသည်တို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့ပါတယ်။

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ မြန်မာနိုင်ငံ တက္ကသိုလ်အားကစား အဖွဲ့ချုပ်သည် ၂၀၁၀ ပြည့်နှစ်မှစ၍ အာဆီယံတက္ကသိုလ်များအားကစားကောင်စီ (ASEAN University Sports Council – AUSC )တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် နိုင်ငံတကာ တက္ကသိုလ်များ အားကစားအဖွဲ့ချုပ်များနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံတက္ကသိုလ်အားကစား အဖွဲ့ချုပ် (Myanmar University Sports Federation – MUSF) ကို စတင်ဖွဲ့စည်းခဲ့ပါတယ်။ ထို့အပြင် ၂၀၁၈ ခုနှစ်တွင်လည်း အာရှတက္ကသိုလ်များအားကစားအဖွဲ့ချုပ် (ASEAN University Sports Federation – AUSF)တွင် အဖွဲ့ဝင်အဖြစ် အသိအမှတ်ပြုခံခဲ့ရပြီး ဆက်လက်၍ နိုင်ငံတကာတက္ကသိုလ် များအားကစားအဖွဲ့ချုပ် (International University Sports Federation – FISU)တွင် အဖွဲ့ဝင်အဖြစ် ပါဝင်နိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံတက္ကသိုလ်အားကစားအဖွဲ့ချုပ်သည် (၂)နှစ် (၁)ကြိမ်ကျင်းပပြုလုပ်သော ASEAN University Games ပြိုင်ပွဲများတွင် ၂၀၁၀ ပြည့်နှစ် ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သော ASEAN University Games ပြိုင်ပွဲမှစတင်၍ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ထိုသို့ယှဉ်ပြိုင်ရာတွင် အသုံးပြုနိုင်သည့် ဘတ်ဂျက်ရန်ပုံငွေအပေါ် မူတည်၍ ဆုရရှိနိုင်သည့် နိုင်ငံတကာစံချိန်နှင့် အနီးစပ် ဆုံးကိုက်ညီသည့် အားကစားအမျိုးအစားကိုသာ ရွေးချယ်၍ ပါဝင်ယှဉ်ပြိုင်စေခဲ့ပါသည်။ မြန်မာနိုင်ငံ တက္ကသိုလ်ရေကူးအားကစားကို ၂၀၁၄ ခုနှစ်၊ အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပပြုလုပ်သည့် (၁၇)ကြိမ် မြောက် ASEAN University Games ပြိုင်ပွဲတွင် အမျိုးသား(၄)ဦး၊ အမျိုးသမီး(၂)ဦးတို့ကို ရွေးချယ်၍ မီတာ(၅၀)၊ မီတာ(၁၀၀) အလွတ်ကူး၊ လိပ်ပြာကူး၊ ပက်လက်ကူး၊ ရင်ဘောင်တန်းကူး စသည့်ပြိုင်ပွဲ များတွင် ဝင်ရောက်ယှဉ်ပြိုင်စေခဲ့ပြီး ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလတွင် မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံ ကျင်းပသော (၁၉)ကြိမ်မြောက် ASEAN University Games ပြိုင်ပွဲတွင်လည်း ရေကူးပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီးပွဲစဉ် အားလုံး၌ ပါဝင်ယှဉ်ပြိုင်စေခဲ့ပြီး အမျိုးသား မီတာ(၁၀၀) ရင်ဘောင်တန်းလက်ဆင့် ကမ်းပြိုင်ပွဲတွင် တတိယဆု ဆွတ်ခူးရရှိခဲ့ပါတယ်။

အဆင့်မြင့်ပညာဦးစီးဌာနအနေဖြင့် သက်ဆိုင်ရာတက္ကသိုလ်များ၌ Semester အလိုက် အားကစားပြိုင်ပွဲများကို ကျင်းပပြုလုပ်ပေးလျက်ရှိပြီး အဆိုပါပြိုင်ပွဲများမှ နိုင်ငံတကာအဆင့် စံချိန်မီ

နိုင်သည့်အားကစားသမားများကို သက်ဆိုင်ရာအားကစားအဖွဲ့ချုပ်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနတို့နှင့် ပူးပေါင်း၍ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ၌ကျင်းပပြုလုပ်မည့် (၂၀)ကြိမ်မြောက် ASEAN University Games ပြိုင်ပွဲသို့ မြန်မာနိုင်ငံတက္ကသိုလ်အားကစားအဖွဲ့ချုပ်အနေဖြင့် ပါဝင်ယှဉ်ပြိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ တက္ကသိုလ်ပေါင်းစုံရေကူးပြိုင်ပွဲကို နှစ်စဉ်ဒုတိယပညာသင်နှစ်ဝက်၏ ဇွန်လနှင့် ဇူလိုင်လတို့တွင် ကျင်းပလျက်ရှိပြီး ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ၊ တတိယပတ်တွင် တက္ကသိုလ်ရေကူးလက်ရွေးစင်များ ရွေးချယ်၍ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်အကူအညီဖြင့် အဆိုပါလက်ရွေးစင်များအား လေ့ကျင့်မှုများ ပြုလုပ်ကာ ပြိုင်ပွဲဝင်နိုင်မည့် စံချိန်တစ်ခုချင်း တိုးတက်မှုရရှိလာပါက နိုင်ငံတကာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ရန် စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် တက္ကသိုလ်ရေကူးအားကစားအပါအဝင် မြန်မာနိုင်ငံတက္ကသိုလ်အားကစားအဆင့်အတန်း မြင့်မားလာစေရန်အတွက် အခြေခံပညာမှ စတင်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်များနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ပညာရေးဝန်ကြီးဌာန၏ ဖြေကြားချက်အား ဖြေကြားအပ်ပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့ဝင်များအား ပွင့်လင်းမြင်သာစွာ ရွေးချယ်တင်မြှောက်နိုင်ရေးအတွက် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်အလုပ်အမှုဆောင် ရွေးချယ်တင်မြှောက်ရေးကြီးကြပ်မှုအဖွဲ့၏ (၂)နှစ်တာကာလမျှ ကြီးကြပ်ဆောင်ရွက်ပေးမှုဖြင့် အဖွဲ့ချုပ်များ ရွေးချယ်တင်မြှောက်ပွဲများ ပြုလုပ်ခဲ့ပါတယ်။

ရေကူးအဖွဲ့ချုပ်အနေဖြင့် Winner Sports Co.Ltd မှ ဥက္ကဋ္ဌအဖြစ် ပါဝင်သော အဖွဲ့ဝင် (၁၉)ဦး ပါဝင်သည့် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်ကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီ၏ ၁၈-၃-၂၀၁၉ ရက်စွဲပါ၊ ရုံးအမိန့်စာအမှတ် (၂၅၃/၂၀၁၉)ဖြင့် အတည်ပြုဖွဲ့စည်းပေးခဲ့ပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့မှနုတ်ထွက်စာတင်ပြခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံအိုလံပစ် ကော်မတီအနေဖြင့် ယခုလောလောဆယ်တွင် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် ခေတ္တဥက္ကဋ္ဌအဖြစ် ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနအား ခေတ္တတာဝန်ပေးအပ်ထားရှိပါတယ်။ အတည်ပြုဖွဲ့စည်းရန်နှင့် ပြန်လည်ပြင်ဆင်ရွေးချယ်တင်မြှောက်နိုင်ရန် ကျန်ရှိသော မြန်မာ့အားကစားအဖွဲ့ချုပ်များနှင့်အတူ ဆောင်ရွက်နိုင်ရန်အတွက် ရွေးကောက်ပွဲကော်မရှင် ပြန်လည်ဖွဲ့စည်း၍ စီစဉ်ဆောင်ရွက်ရန် ပြင်ဆင်ထားသည့်ကာလအတွင်း ကမ္ဘာ့ကပ်ရောဂါ (ကိုဗစ်-၁၉) ဖြစ်ပေါ်လာသောကြောင့် ခေတ္တဆိုင်းငံ့ထားရပြီး အားကစားလှုပ်ရှားမှုများ စတင်ဆောင်ရွက်ခွင့်ပြုသည့်အချိန်တွင် ဆက်လက်ဆောင်ရွက်ရန် စီစဉ်ထားရှိပြီးဖြစ်ပါတယ်။

မြန်မာ့ရေကူးအားကစားနည်း တိုးတက်ပြန့်ပွားလာစေရေးအတွက် ဆောင်ရွက်ရာတွင် ပညာရေးဝန်ကြီးဌာနပိုင် ရေကူးကန်အနေဖြင့် သထုံလမ်းတွင် (၁)ကန်၊ အင်းယားလမ်းတွင် (၁)ကန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနပိုင် ရေကူးကန်များအနေဖြင့် ရန်ကုန်မြို့တွင် အမျိုးသား ရေကူးကန်(၁)ကန်၊ ဒဂုံမြောက်အမျိုးသားရေကူးကန်(၁)ကန်၊ မန္တလေးမြို့တွင် မန္တလာသီရိအားကစား ကွင်း၌ ရေကူးကန်(၂)ကန်၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့တွင်(၁)ကန်၊ ချင်းပြည်နယ်၊ ဟားခါး မြို့တွင် (၁)ကန်နှင့် ပလက်ဝမြို့တွင်(၁)ကန်၊ ကရင်ပြည်နယ်၊ ဘားအံမြို့တွင်(၁)ကန်၊ ဧရာဝတီတိုင်း ဒေသကြီး၊ မြောင်းမြမြို့တွင် (၁)ကန်၊ စုစုပေါင်းရေကူးကန်(၉)ကန်အထိ တည်ဆောက်ထားပြီးဖြစ် ပါတယ်။ (50M x 25M)(10)Lanes ပါဝင်သော ရေကူးကန်(၁)ကန်စီကို ပြည်နယ်၊ တိုင်းဒေသကြီး များတွင် တည်ဆောက်ပေးရန်အတွက် စီစဉ်ရွေးချယ်ထားပြီးဖြစ်ပါတယ်။ ဘတ်ဂျက်ရရှိမှုအပေါ် မူတည်၍ ရေကူးကန်များ တည်ဆောက်ပေးမည့် အစီအစဉ်များကို ဆက်လက်ဆောင်ရွက်ပေးသွား မည်ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ တက္ကသိုလ်ရေကူးအားကစားလောက ယခုထက် ပိုမိုမြင့်တင်နိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ နှစ်စဉ် နွေရာသီ အခြေခံရေကူးသင်တန်း၊ အဆင့်မြင့်ရေကူးအားကစားသင်တန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ် များတွင် ဖွင့်လှစ်ပေးခြင်း၊ အခြေခံပညာမှ စတင်၍ တက္ကသိုလ်ပေါင်းစုံ ရေကူးအားကစားပြိုင်ပွဲ များကို ကျင်းပပြုလုပ်ပေးခြင်း၊ နည်းပြဆရာသင်တန်းများ ကျင်းပပြုလုပ်ပေးခြင်း၊ နိုင်ငံခြားနည်းပြ များကိုလည်း ငှားရမ်းလေ့ကျင့်ပေးမှုများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ဒုတိယမေးခွန်းဖြစ်တဲ့ ဧရာဝတီ တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးမိုး၏ ကြယ်ပွင့်ပြ မေးခွန်းအား ပြန်လည်ဖြေကြားသွား မှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ Power Point အသုံးပြုခွင့်ပြုပါရန် လေးစားစွာတင်ပြအပ်ပါတယ်။ မြန်မာ့ဘောလုံးအားကစား ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိ စေရေးအထောက်အကူဖြစ်စေရန် ရည်ရွယ်၍ Myanmar National League ဘောလုံးပြိုင်ပွဲများနှင့် နိုင်ငံတကာဘောလုံးပြိုင်ပွဲများကျင်းပရန် ဘောလုံးပြိုင်ကွင်း(၁၄)ကွင်းနှင့် ဘောလုံးလေ့ကျင့်ရေးကွင်း (၁၀)ကွင်း၊ စုစုပေါင်း(၂၄)ကွင်းအား ဝန်ကြီးချုပ်ရုံး၏ လမ်းညွှန်ချက်ဖြင့် အစိုးရအဖွဲ့ရုံးသို့ လွှဲပြောင်း အပ်နှံပြီး ၈-၁၁-၂၀၁၀ ရက်နေ့မှစ၍ ယခင်အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၏ စီမံခန့်ခွဲမှုဖြင့် သက်ဆိုင်ရာ ဘောလုံးကလပ်များသို့ အခမဲ့ ကနဦး(၃)နှစ် ငှားရမ်းခဲ့ပြီး ငှားရမ်းသည့် ကာလ ပြီးဆုံးသည့်နေ့မှစ၍ နှစ်စဉ် ငှားရမ်းခများအနေဖြင့် ပြိုင်ပွဲကွင်းများကို တစ်နှစ်လျှင် ငွေကျပ် သိန်းငါးဆယ်၊ ငွေကျပ်သိန်းသုံးဆယ်ဖြင့်လည်းကောင်း၊ လေ့ကျင့်ရေးကွင်းများကို ငွေကျပ်

ဆယ့်နှစ်သိန်း၊ ငွေကျပ်ခြောက်သိန်းဖြင့်လည်းကောင်း သတ်မှတ်၍ နှစ်(၃၀) B.O.T စနစ်ဖြင့် နှစ်ရှည် စာချုပ် ချုပ်ဆိုငှားရမ်းခဲ့ပါတယ်။

အဲဒီငှားရမ်းထားသည့်ကွင်းတွေမှာ အမှတ်(၉)မှာ ကိုးသိန်းကွင်း၊ ပုသိမ်ကွင်းနှင့် နံပါတ် (၁၉)မှာ ကျောက်တိုင် ပုသိမ်ကွင်းတို့မှာ ငှားရမ်းထားသည့်အထဲမှာ ပါဝင်နေတာ တွေ့ရပါတယ်။ အဆိုပါဘောလုံးကွင်း (၂၄)ကွင်းအနက် (၁၀)ကွင်းအား နိုင်ငံတော်သို့ ပြန်လည်အပ်နှံထားပြီးဖြစ်၍ ကျန်(၁၄)ကွင်းအား ၁၈-၁၁-၂၀၁၈ ရက်နေ့မှစ၍ ၇-၁၁-၂၀၂၃ ရက်နေ့အထိ ဒုတိယအကြိမ် (၅)နှစ် သက်တမ်းတိုး စာချုပ် ချုပ်ဆိုခွင့်ပြုနိုင်ရန် စီးပွားရေးရာကော်မတီနှင့် နိုင်ငံတော်သမ္မတရုံးတို့မှ ခွင့်ပြုချက် ရရှိထားပါသဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြ ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ ပုသိမ်မြို့ ကျောက်တိုင်အားကစားကွင်းအား စီမံခန့်ခွဲသူ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှတစ်ဆင့် ဧရာဝတီ United FC ဘောလုံးအသင်းသို့ တစ်နှစ်လျှင် ကွင်းငှားရမ်းခ ငွေကျပ်သိန်း(၃၀)၊ ဆိုင်ခန်းငှားခ ငွေကျပ်သိန်း(၉၆၆၀၀၀၀)ဖြင့် ၂၂-၃-၂၀၁၁ ရက်နေ့မှစတင်၍ လည်းကောင်း၊ ကိုးသိန်းအားကစားကွင်းအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သို့ တစ်နှစ်လျှင် ကွင်းငှားရမ်းခ ငွေကျပ်သိန်း(၃၀)ဖြင့် ၈-၁၁-၂၀၁၀ ရက်နေ့မှစတင်၍လည်းကောင်း အသီးသီး ငှားရမ်း ခဲ့ပြီး ငှားရမ်းခများကို နိုင်ငံတော်အရ ငွေစာရင်းအမှတ် MD (021915) သို့ ပေးသွင်းပါသည်။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းသည့် မေးခွန်းတွင် ပါဝင်သည့်အချက်များအား အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဧရာဝတီတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနသို့ မေးမြန်း ခဲ့ပါတယ်။

ကိုးသိန်းကွင်းနှင့် ကျောက်တိုင် အားကစားကွင်းအား ဧရာဝတီ United FC ဘောလုံး အသင်း စတင်အသုံးပြုသည့်အချိန်မှစ၍ မျိုးဆက်သစ်ဘောလုံးသမားများ၊ အားကစား ဝါသနာရှင်များ၊ လေ့ကျင့်ကစားခွင့် မရရှိခဲ့သလို၊ ဝင်ရောက်ကစားလိုသည့် အသင်းများအနေဖြင့် ကျောက်တိုင် အားကစားကွင်းအား ငွေကျပ်(၅)သောင်းကျပ်၊ ကိုးသိန်းကွင်းအား ငွေကျပ်(၂)သောင်းခွဲ ငှားရမ်းခ ပေးဆောင်မှသာ ခွင့်ပြုကြောင်းကို တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှလည်း အကြောင်းပြန်ကြားစာ ရရှိခဲ့ပါတယ်။ ထို့အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဘောလုံးပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင်ကစားမည့် ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားပြု ဘောလုံးအသင်းသည် လေ့ကျင့် ခန်းဆင်းရန်အတွက် ကိုးသိန်းကွင်းရှိ အကယ်ဒမီသင်တန်းကျောင်းမှ သင်တန်းသားများ လေ့ကျင့်ခန်း ပြီးဆုံးပြီးမှသာ ကွင်းအတွင်း ဝင်ရောက်လေ့ကျင့်ခွင့် ရရှိခဲ့ပါကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲများ ကျင်းပပြုလုပ်မည့်အချိန်တွင် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကိုးသိန်းကွင်းပြေးလမ်းအား မြေညှိခြင်း၊ သဲဖို့ခြင်း၊ ကွင်းပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရပါကြောင်း၊ ယခင် ဧရာဝတီတိုင်းဒေသကြီး ကျောက်တိုင်အားကစားကွင်းအား တိုင်းအားကစားကွင်းအဖြစ် သတ်မှတ်ပြီး ဧရာဝတီတိုင်းဒေသကြီး

လက်ရွေးစင်အသင်းများ စခန်းသွင်းလေ့ကျင့်စေပြီး ပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင်ခဲ့ပါကြောင်း တင်ပြထားပါတယ်။

ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားပြု ဘောလုံးအသင်းသည် ယခင်ပြည်နယ်နှင့် တိုင်းဒေသကြီး ဘောလုံးပြိုင်ပွဲများတွင် အောင်မြင်မှုရရှိခဲ့သည့် တိုင်းတစ်တိုင်း ဖြစ်ပါတယ်။ မြန်မာ့လက်ရွေးစင်အားကစားသမားများဖြစ်တဲ့ မင်းသူ၊ ကျော်သူရ၊ ဝင်းထိုက်၊ နေလင်းထွန်း၊ စအောင်ပြည့်ကို၊ သန်းသန်းထွေး၊ စန်းစန်းမော်၊ သူဇာထွေး၊ မေခင်ယမင်း၊ ခင်မိုးဝါ၊ သက်သက်ဝင်း၊ ဝေဝေအောင် စသည် အမြောက်အမြား ပေါ်ထွက်ခဲ့ပါတယ်။ ပြေးခုန်ပစ် အားကစားနည်းတွင်လည်း နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင် ပြေးခုန်ပစ်သမားများကို မွေးထုတ်ခဲ့သည်မှာ မှန်ကန်ပါသည်။ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့ ပူးပေါင်း၍ သက်ဆိုင်ရာ အားကစားနည်းအလိုက် အားကစားပြိုင်ပွဲများ ကျင်းပပေးလျက်ရှိရာ အားကစားကွင်းများ လိုအပ်လျက်ရှိသည့်အတွက် ယခုအခါ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ နှစ်ရှည်စာချုပ် ချုပ်၍ ငှားရမ်းထားသော ကိုးသိန်းအားကစားကွင်းအား ပြန်လည်အပ်နှံခွင့်ပြုပါရန် ၄-၅-၂၀၂၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အား တိုက်ရိုက်ကြီးကြပ်ကွပ်ကဲသည့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြခဲ့ပါသည်။ ၁၁-၅-၂၀၂၀ ပြည့်နှစ်တွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ လမ်းညွှန်ခွင့်ပြုချက်အရ ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်းအား မူလစီစဉ်ထားသည့် မြက်ခင်းတုကွင်းအဖြစ် တည်ဆောက်မည့်စီမံကိန်းအား ဖျက်သိမ်းပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ပြန်လည်အပ်နှံမည်ဖြစ်သောကြောင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ကိုးသိန်း အားကစားကွင်းအားငှားရမ်းခြင်း သဘောတူစာချုပ်အား ရပ်စဲ၍ စာချုပ် ချုပ်ဆိုနိုင်ရေးအတွက် စာချုပ်မူကြမ်းအား ၂၄-၆-၂၀၂၀ ပြည့်နှစ်တွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ သဘောထားမှတ်ချက် ပြန်ကြားပေးပါရန် ပေးပို့ထားပြီးဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းသည့် ဘောလုံးကွင်း နှစ်ကွင်းအနက် ကိုးသိန်း ကွင်းကို ပြန်လည်အပ်နှံရန် စီစဉ်ပြီး ကျောက်တိုင်ကွင်းအား ဝန်ကြီးဌာနအနေဖြင့် ပြန်လည်ရယူရာမှာ ယခုအခါ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် ပုသိမ်မြို့ ကျောက်တိုင်အားကစားကွင်းနှင့် ပတ်သက်၍ ဒုတိယအကြိမ် (၅)နှစ်သက်တမ်း စာချုပ် ချုပ်ဆိုနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

အဆိုပါကွင်းအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်မှ ပြန်လည်အပ်နှံမည်ဆိုပါက တင်ပြထားသည့်အချက် အဆင့်ဆင့်ကို ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ (၁) ပြန်လည်အပ်နှံလိုပါကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးသို့ တင်ပြရမည်ဖြစ်ပါတယ်။ (၂) ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနအနေနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ သဘောထားပြန်ကြားပေးနိုင်ရန် အကြောင်းကြားရပါတယ်။ (၃) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် အားကစားကွင်း ငှားရမ်းခ အကြွေးကျန်များ ကျန်ရှိမည်ဆိုပါက ကြွေးကျန်များ ပေးသွင်းပြီးမှ ရပ်စဲစာချုပ် ချုပ်ဆို၍

ပြန်လည်လက်ခံ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်တင်ပြရပါတယ်။ (၄) အားကစားကွင်း ပြန်လည်အပ်နှံနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာနသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် အကြောင်းပြန်ကြားလာမှသာ၊ (၅) ရပ်စဲစာချုပ်ကို ချုပ်ဆိုနိုင်ရေးအတွက် စာချုပ်မူကြမ်းအား ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပေးပို့၍ သဘောထားပြန်ကြားချက် တောင်းခံ ဆောင်ရွက်ရပါတယ်။ (၆) ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သဘောထားမှတ်ချက်နှင့်အညီ ရေးဆွဲထားသည့် ရပ်စဲစာချုပ် ချုပ်ဆိုပြီးမှသာ၊ (၇) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ပြန်လည်အပ်နှံမည့် အားကစားကွင်းအား လွှဲပြောင်းရယူသွားနိုင်မည် ဖြစ်ပါကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁:၁၅။**

**ဥက္ကဋ္ဌ။**　　။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် (၃၀)ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။**　　။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။**　　။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁:၁၅ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁:၄၅ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁:၄၆။**

**အခမ်းအနားမှူး။**　　။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး။**　　။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။**　　။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အသေးစားငွေရေးကြေးရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၁:၄၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အသေးစားငွေရေးကြေးရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား ရှင်းလင်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၄၆။**

**ဒေါ်ကျိန်ငိုက်မန် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါရှင်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ တာဝန်ပေးမှုအရ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ အသေးစားငွေရေးကြေးရေးဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်မ ဒေါ်ကျိန်ငိုက်မန် မှ ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်ရှင်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**အသေးစားငွေရေးကြေးရေး ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ**

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၂၀ - ၁၄၈

ရက်စွဲ ၊ ၂၀၂၀ ပြည့်နှစ် ၊ ဇူလိုင်လ ၈ ရက်

၁။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အသေးစား ငွေရေးကြေးရေး ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ၁၈-၅- ၂၀၂၀ ရက်နေ့တွင် အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့ပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)က ၂၅-၅-၂၀၂၀ ရက်နေ့တွင် အကြံပြုဆွေးနွေးခဲ့ကြပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ၇-၇-၂၀၂၀ ရက်နေ့တွင် ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်များ**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အသေးစားငွေရေးကြေးရေး ဥပဒေကြမ်း အပေါ် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် ဆွေးနွေးခဲ့ရာတွင် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့် အပိုဒ် ၁၆ နှင့် အပိုဒ် ၂၂၊ အပိုဒ်ခွဲ(ဆ) တို့ကို ပြည်သူ့ လွှတ်တော်၏ အတည်ပြုချက်အတိုင်း ဆက်လက်ထားရှိသင့်ကြောင်း ညှိနှိုင်းသဘောတူညီမှု ရရှိ ခဲ့ပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အသေးစားငွေရေးကြေးရေး ဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ သက်ဆိုင်ရာ ဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အသေးစိတ် ညှိနှိုင်းဆွေးနွေး ခဲ့ပြီးဖြစ်ပါသဖြင့် ဥပဒေကြမ်းကော်မတီက မူလပြင်ဆင်ထားသည့် ပြင်ဆင်ချက်များနှင့် ယခု ထပ်မံပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံ တင်ပြ အပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အသေးစား ငွေရေးကြေးရေး ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁:၅၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အသေးစား ငွေရေးကြေးရေး ဥပဒေကြမ်းကို လွှတ်တော်၏ အဆုံးအဖြတ် ရယူ၍ အတည်ပြုဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများကို တစ်ပိုဒ်ချင်းစီ အလိုက် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၅၀။**

**ဒေါက်တာမြတ်ညာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီရဲ့

ပြင်ဆင်ချက်များဖြစ်တဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် ၂(ဃ)၊ အပိုဒ် ၅(ဌ)(၄)၊ အပိုဒ် ၆(က)(၃)၊ အပိုဒ် ၇(ဃ)၊ အပိုဒ် ၈(ဆ)(ဇ)၊ အပိုဒ် ၁၁(ခ)၊ အပိုဒ် ၁၃ခြေဆင်း၊ အပိုဒ် ၁၅(ခ) တို့ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ အဆိုပြုတင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁:၅၁။**

**ဥက္ကဋ္ဌ။** ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ်၂(ဃ)၊ အပိုဒ် ၅ (ဌ)(၄)၊ အပိုဒ် ၆(က)(၃)၊ အပိုဒ် ၇(ဃ)၊ အပိုဒ် ၈(ဆ)(ဇ)၊ အပိုဒ် ၁၁(ခ)၊ အပိုဒ် ၁၃ ခြေဆင်း၊ အပိုဒ် ၁၅(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ညာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များဖြစ်တဲ့ –

အပိုဒ် ၂၉၊ အပိုဒ် ၃၀၊ အပိုဒ် ၃၅ ခြေဆင်း၊ အပိုဒ် ၃၆ ခြေဆင်း၊ အပိုဒ် ၃၇ ခြေဆင်း၊ အပိုဒ် ၃၈ ခြေဆင်း၊ အပိုဒ် ၄၄ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၅၅၊ အပိုဒ် ၆၁၊ အပိုဒ် ၆၂၊ အပိုဒ် ၆၄ အပိုဒ်ခွဲ(က) ပြင်ဆင်ချက်များကိုလည်း လွှတ်တော်က အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် အဆိုပြုတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၉၊ အပိုဒ် ၃၀၊ အပိုဒ် ၃၅ ခြေဆင်း၊ အပိုဒ် ၃၆ ခြေဆင်း၊ အပိုဒ် ၃၇ ခြေဆင်း၊ အပိုဒ် ၃၈ ခြေဆင်း၊ အပိုဒ် ၄၄ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၅၅၊ အပိုဒ် ၆၁၊ အပိုဒ် ၆၂၊ အပိုဒ် ၆၄ အပိုဒ်ခွဲ(က)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ညာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်က အတည်ပြုထားတဲ့ အပိုဒ် ၃၈ အပိုဒ်ခွဲ(င)ကိုတော့ လိုအပ်ခြင်းမရှိတဲ့အတွက် ကြောင့်မို့လို့ ပယ်ဖျက်အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။

**ဒေါက်တာမြတ်ညာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ကြီးက ပြင်ဆင်ချက်တွေနဲ့ အတည်ပြုလိုက်သည့် အပိုဒ်၊ အပိုဒ်ခွဲတွေမှအပ ကျန်ရှိတဲ့ အပိုဒ်၊ အပိုဒ်ခွဲများကို ပြည်သူ့လွှတ်တော်၏ အတည်ပြု ချက်အတိုင်း အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြုပေးနိုင်ပါရန် လေးစားစွာ အဆိုပြုတင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီတင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

**အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ မြန်မာနိုင်ငံအတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်း၏ ဓာတုဓာတ်ကြွင်းများကြောင့် ဖြစ်ပေါ်စေသော ဘေးထွက်ဆိုးကျိုးများ လျှော့ချခြင်းဆိုင်ရာလေ့လာစိစစ်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၁:၅၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ မြန်မာနိုင်ငံအတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်း၏ ဓာတုဓာတ်ကြွင်းများကြောင့် ဖြစ်ပေါ်စေသော ဘေးထွက်ဆိုးကျိုးများ လျှော့ချခြင်းဆိုင်ရာ လေ့လာစိစစ်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီက အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁:၅၄။**

**စောယှားဖောင်အွာ (အဖွဲ့ဝင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကြီးတစ်ရပ်လုံး မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်က အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ဆောင်ရွက်ချက်များဖြစ်သည့် မြန်မာနိုင်ငံအတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများ၏ ဓာတုဓာတ်ကြွင်းများကြောင့် ဖြစ်ပေါ်စေသော ဘေးထွက်ဆိုးကျိုးများ လျှော့ချခြင်းဆိုင်ရာ လေ့လာစိစစ်မှု အစီရင်ခံစာအကျဉ်းချုပ်အား ဖတ်ကြားတင်သွင်းသွားမယ့် ကော်မတီအဖွဲ့ဝင် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် စောယှားဖောင်အွာ ဖြစ်ပါတယ်။ အစီရင်ခံစာကို ဖတ်ကြားနိုင်ရေးအတွက် Power Point သုံးစွဲခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်။ အစီရင်ခံစာအကျဉ်းကို နိဒါန်းပိုင်း၊ ရည်ရွယ်ချက်နှင့် လေ့လာစိစစ်မှုအဆင့်များ၊ ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် ကော်မတီ၏ အကြံပြုချက်အပါအဝင် နိဂုံးပိုင်းတို့ကို အကျဉ်းချုပ် တင်ပြသွားမှာဖြစ်ပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ မြန်မာနိုင်ငံအတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်း၏ ဓာတုဓာတ်ကြွင်းများကြောင့်ဖြစ်ပေါ်စေသော ဘေးထွက် ဆိုးကျိုးများအား လျှော့ချခြင်းဆိုင်ရာလေ့လာစိစစ်မှု အစီရင်ခံစာအကျဉ်းချုပ်

၁။　အမျိုးသားလွှတ်တော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ မြန်မာနိုင်ငံအတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်း၏ ဓာတုဓာတ်ကြွင်းများကြောင့် ဖြစ်ပေါ် စေသော ဘေးထွက်ဆိုးကျိုးများအား လျှော့ချခြင်းဆိုင်ရာ လေ့လာစိစစ်မှုကို ပြုလုပ်ရန် အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်အရ စတင်ဆောင်ရွက်ခဲ့ပါသည်။ ကော်မတီ၏တာဝန်များမှ (က) ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်၊ မျိုးစေ့များရရှိရေး၊ စံချိန်စံညွှန်းမီ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးနှင့် အခြားစိုက်ပျိုးရေးဆိုင်ရာ ဓာတု ဆေးများရရှိရေး၊ စနစ်တကျသုံးစွဲရေးတို့ကို သက်ဆိုင်ရာ ဝန်ကြီးဌာနအဖွဲ့အစည်းများနှင့် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးရန်၊ (ခ) သဘာဝမြေသြဇာများ ပိုမိုသုံးစွဲနိုင်ရေး၊ အော်ဂဲနစ်မြေသြဇာများ ထုတ်လုပ်သုံးစွဲမှု တိုးတက်လာရေးနှင့် အော်ဂဲနစ်နည်းပညာ ဖွံ့ဖြိုးလာရေးတို့ကို အားပေးကူညီ ဆောင်ရွက်ပေးရန် လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးမိတ်ဖက်အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ UNDP, IPU ၏ နည်းပညာများနှင့် ကုန်ကျစရိတ်အပေါ် ကူညီပံ့ပိုးမှုဖြင့် ၂၄-၉-၂၀၁၈ ရက်နေ့တွင် စတင်ဆောင်ရွက် ခဲ့ပါသည်။ အစီရင်ခံစာအပြည့်အစုံကို အဓိကအခန်း (၆)ခန်းနှင့် နောက်ဆက်တွဲများဖြင့် ပြုစုပြီး လွှတ်တော်ကိုယ်စားလှယ်ကြီးများထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အကျဉ်းချုပ်အနေဖြင့်သာ ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

၂။　**လေ့လာစိစစ်မှု ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များ -**

(က) စိုက်ပျိုးရေးလုပ်ငန်းသုံး ဓာတုဆေးဝါးများကို မမှန်မကန်သုံးစွဲမှုကြောင့် သဘာဝ ပတ်ဝန်းကျင်နှင့် ပြည်သူလူထုတို့၏ ကျန်းမာရေး ထိခိုက်လာစေသည်ကို သိရှိလာ စေရန်နှင့်

(ခ) ဓာတုဓာတ်ကြွင်းများနှင့် ပတ်သက်၍ သုတေသနများ၊ အစီအမံများနှင့် ထိရောက် သည့် ပညာပေးမှုများ လိုအပ်နေပါသဖြင့် ကော်မတီသည် စိုက်ပျိုးရေးထွက်ကုန် များတွင် ဓာတုဆေးဝါးများ၏ ဓာတ်ကြွင်းများ မည်သို့ လျှော့ချရမည်ကို နိုင်ငံတော်အဆင့် လေ့လာစိစစ်မှုတစ်ခုအား လွှတ်တော်ဥပဒေ၊ နည်းဥပဒေများ နှင့်အညီ ပြုလုပ်ရန် ဆုံးဖြတ်ခဲ့ကြပြီး လေ့လာစိစစ်မှုရလဒ်များသည် အစိုးရ၏ လုပ်ငန်းဆောင်တာများကို အထောက်အကူပြုစေရန် ဖြစ်ပါတယ်။

**လေ့လာစိစစ်မှုပုံစံနှင့်အဆင့်များ**

၃။ ကော်မတီသည် လေ့လာစိစစ်မှုကို ပြုလုပ်ရာတွင် တောင်သူများ၊ သက်ဆိုင်သည့် အစိုးရဌာနများ၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများကို ဆက်သွယ်၍ –

(က) လေ့လာစိစစ်မှုခေါင်းစဉ်ကို အတည်ပြုခြင်း။

( ခ ) လေ့လာစိစစ်မှု ကဏ္ဍနယ်ပယ် (Terms Of Reference – TOR) သတ်မှတ်ခြင်း။

( ဂ ) သက်ဆိုင်ရာအဖွဲ့အစည်း/ဌာန၊ လူပုဂ္ဂိုလ်များ၊ ပြည်သူလူထုများအား အသိပေးကြေညာခြင်း။

(ဃ) အကြံပြုစာများ တောင်းခံခြင်း၊ လက်ခံခြင်းနှင့် အချက်အလက်များ စုဆောင်းခြင်း။

( င ) လိုအပ်သော သတင်းအချက်အလက်များ ဖော်ထုတ်ခြင်း၊ အကြံပြုစာပေးပို့သူ (သို့) အဖွဲ့အစည်းများနှင့်ခေါ်ယူညှိနှိုင်းခြင်း။

( စ ) အကြံပြုစာနှင့် တွေ့ဆုံညှိနှိုင်းမှုများအရ ကွင်းဆင်းလေ့လာမှုများ ပြုလုပ်ခြင်း။

(ဆ) သက်သေအထောက်အထားများ ပေါင်းစပ်ခြင်းနှင့်

( ဇ ) အစီရင်ခံစာ ရေးသားခြင်းများကို အဆင့်ဆင့် ကော်မတီမှ ဆောင်ရွက်ခဲ့ပါတယ်။

**ကော်မတီ၏ လေ့လာတွေ့ရှိချက်**

၄။ အမျိုးသားလွှတ်တော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသည် လေ့လာစိစစ်မှုတစ်ခုလုံး ဆောင်ရွက်ခဲ့ပြီး အောက်ပါတွေ့ရှိချက်များ တချို့ကို တွေ့ရှိခဲ့ပါတယ် –

(က) ပြည်တွင်းစားသုံးသီးနှံများတွင် အများဆုံးပါဝင်သည့် ဓာတုဓာတ်ကြွင်း သတ်မှတ်ချက်(MRLs) မရှိသေးခြင်း။

( ခ ) တရားမဝင် ဓာတုပိုးသတ်ဆေးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းနှင့် အသုံးပြုခြင်း။

( ဂ ) ဟင်းသီးဟင်းရွက်နှင့်သီးနှံများတွင် ဓာတ်ကြွင်းပါဝင်မှုနှုန်းနှင့် စိုက်ပျိုးမြေတွင် ဓာတ်မြေဩဇာ ပါဝင်မှုနှုန်းများအား မိနစ်ပိုင်းအတွင်း သိရှိနိုင်သည့် (Portable Residue Detectors/Sensors)ကဲ့သို့သော ခေတ်မီစမ်းသပ်ကိရိယာများကို ဌာနတွင် အသုံးပြုရန် လိုအပ်နေခြင်း။

(ဃ) ပိုးသတ်ဆေးဥပဒေအရ မှတ်ပုံတင် လျှောက်ထားရယူခြင်း မရှိဘဲ ပိုးသတ်ဆေး အပါအဝင် အဆိပ်ရှိပစ္စည်းများကို ရောင်းချနေသောဆိုင်များ တည်ရှိနေခြင်း။

(င) ဈေးကွက်အတွင်း ရောင်းချနေသည့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ ဓာတုဓာတ်ကြွင်း ပါဝင်မှု စစ်ဆေးချက်မရှိခြင်း။

(စ) စားသုံးသီးနှံများကို ဈေးကွက်ပို့သည့်အချိန်အထိ ပိုးသတ်ဆေးဖြန်းခြင်းများ ရှိနေခြင်း။

(ဆ) စိုက်ပျိုးရေးသုံး ဓာတုဆေးများ မှန်ကန်စွာ စနစ်တကျ အသုံးမပြုခြင်းတို့ကြောင့် မျိုးဆက်ပွားခြင်းနှင့် သန္ဓေသားကျန်းမာရေးအပါအဝင် ပြည်သူ့ကျန်းမာရေးကို ထိခိုက်ခြင်း။

(ဇ) စိုက်ပျိုးရေးသုံး ဓာတုဆေးဓာတ်ကြွင်းများကြောင့် ဖြစ်ပေါ်စေသော ရောဂါများ နှင့်စပ်လျဉ်း၍ လေ့လာစိစစ်ထားသော (Data) အချက်အလက် မှတ်တမ်းများ မရှိခြင်း။

(ဈ) MRLs မရှိခြင်းကြောင့် လယ်ယာထွက်ကုန်ပစ္စည်းများ ကမ္ဘာ့ဈေးကွက်သို့တင်ပို့ရန် အဟန့်အတားဖြစ်ခြင်း၊ ဈေးကောင်းမရခြင်းနှင့် ဝယ်ယူမှုမရှိခြင်း။

(ည) ပို့ကုန်တင်ပို့နိုင်ရန် ပိုးသတ်ဆေးဓာတ်ကြွင်း ပါဝင်မှုနှင့် ပတ်သက်၍ စမ်းသပ် ဆောင်ရွက်မှုများ လုံလောက်သော အနေအထားမရှိခြင်း။

(ဋ) ပြည်ပစိုက်ပျိုးရေးထွက်ကုန်များ ပြည်တွင်းသို့ စစ်ဆေးမှုမရှိဘဲ ဝင်ရောက်လာခြင်း။

(ဌ) စိုက်ပျိုးရေးသုံး ဓာတုပိုးသတ်ဆေး၊ မြေသြဇာတင်သွင်းမှုများ စနစ်တကျ စိစစ်ရန် လိုအပ်ခြင်း။

(ဍ) ဓာတ်ခွဲခန်းများ အဆင့်မြှင့်တင်ရန် လိုအပ်ခြင်း။

(ဎ) GAP လက်မှတ်ရရှိရန် အချို့ဒေသတွင် ခက်ခဲခြင်း၊ လက်လှမ်းမမီခြင်း။

(ဏ) GAP ဈေးကွက်များ တိုးချဲ့ရန် လိုအပ်ခြင်းတို့ကို လေ့လာတွေ့ရှိရပါတယ်။

**ကော်မတီ၏ အကြံပြုချက်များ**

၅။ လေ့လာစိစစ်တွေ့ရှိချက်များအရ ကော်မတီ၏အကြံပြုချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) **လက်ရှိကျင့်သုံးမှုများနှင့် စပ်လျဉ်းသည့်အကြံပြုချက်(၈)ချက် -**

(၁) မြို့နယ်အလိုက် ဓာတ်မြေသြဇာ လက်လီ/လက်ကား ရောင်းချသူများ၏ အရေအတွက်နှင့် အမျိုးအစား အချက်အလက်များအား ပိုမိုတိကျစွာ မှတ်တမ်းတင်ရန်နှင့် တရားမဝင်ဓာတ်မြေသြဇာနှင့် ဓာတုပိုးသတ်ဆေး

ရောင်းချမှုများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဦးဆောင်၍ သက်ဆိုင်ရာဦးစီးဌာနများနှင့် ပေါင်းစပ်ပြီး ဥပဒေအတိုင်း ပိုမိုတင်းကြပ်စွာ စည်းကြပ်ဆောင်ရွက်ရန်။

(၂) စိုက်ပျိုးရေးဦးစီးဌာနမှ ကွင်းဆင်းစစ်ဆေးရသည့် စုံစမ်းစစ်ဆေးရေးအရာရှိများ အခန်းကဏ္ဍနှင့် ဆောင်ရွက်ပိုင်ခွင့်တို့ကို ပိုမိုရှင်းလင်းတိကျစွာ သတ်မှတ်ပြဋ္ဌာန်းထားရှိရန်။

(၃) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအတွင်း လုပ်ငန်းဆောင်ရွက်ရာတွင် အထောက်အကူပြုရေးအတွက် ဝန်ထမ်းများ ရာထူးအဆင့်အလိုက် ပိုမိုကောင်းမွန်ခေတ်မီသည့် သုံးသပ်ခြင်းနှင့် အစီရင်ခံစာတင်ပြခြင်း (Monitoring & Evaluation and Reporting System) စနစ် ဆောင်ရွက်ရန်။

(၄) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် နိုင်ငံတော်အဆင့် စီမံကိန်းတစ်ခုအနေဖြင့် စားနပ်ရိက္ခာ ထုတ်လုပ်ဖြန့်ဖြူးမှုစနစ်တွင် စုံစမ်းတွေ့ရှိရသည့် ဘေးကင်းလုံခြုံမှုမရှိသော ဓာတုပစ္စည်းပါဝင်မှု အဆင့်များအားလုံးအတွက် အစီရင်ခံတင်ပြခြင်းနှင့် ထုတ်ပြန်ခြင်းစနစ်တစ်ခုအပါအဝင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်အဖွဲ့အစည်းများပူးပေါင်း၍ ထိထိရောက်ရောက် တာဝန်ယူဖြေရှင်းပေးရန် (ဥပမာ– National Food Safety Monitoring Program) ဖွဲ့စည်း၍ ထိရောက်စွာ အကောင်အထည်ဖော်ရန်။

(၅) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် တရားမဝင် ဓာတ်မြေသြဇာများနှင့် ဓာတုပိုးသတ်ဆေးရောင်းချခြင်း၊ သုံးစွဲခြင်းများကို ပညာပေးခြင်းနှင့်လိုအပ်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရန်။

(၆) စိုက်ပျိုးရေးဦးစီးဌာနမှ ကွင်းဆင်းစစ်ဆေးရသည့် စုံစမ်းစစ်ဆေးရေး အရာရှိများ၊ ဝန်ထမ်းများ၏ လုပ်ငန်းအရ နည်းပညာအပါအဝင် ခေတ်မီစမ်းသပ်ကိရိယာများနှင့် အခြေခံလိုအပ်ချက်များအား လုံလောက်စွာ ဖြည့်ဆည်းပေးရန်။

(၇) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဆိုင်ရာ ဓာတုပစ္စည်းများ ရောင်းချမှုနှင့် အသုံးပြုမှုတို့ ထိန်းချုပ်ရေးနှင့် စပ်လျဉ်းသည့် ဥပဒေများနှင့် နည်းဥပဒေများ အားလုံးတို့အား ပြန်လည်လေ့လာသုံးသပ်ရန်။

(၈) ဓာတ်မြေသြဇာနှင့် စိုက်ပျိုးရေးလုပ်ငန်းသုံး ဓာတုပစ္စည်းများကို ဘေးကင်းစွာ အသုံးပြုနိုင်ရန်နှင့် ယင်းသို့ အသုံးမပြုပါက ဖြစ်ပေါ်နိုင်သည့်အန္တရာယ်များကို

နားလည်စေရန် တောင်သူလယ်သမားများအတွက် လယ်ကွင်းစာသင်ကျောင်းများပုံစံဖြင့် အသိပညာပေးမှုများကို စိုက်ပျိုးရေးဦးစီးဌာနမှ တိုးချဲ့ဆောင်ရွက်သွားရန်။

**( ခ ) ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုနှင့် စပ်လျဉ်းသည့် အကြံပြုချက်(၅)ချက် -**

(၁) စိုက်ပျိုးရေးဦးစီးဌာနသည် ဓာတ်မြေဩဇာများ၊ ဓာတုပိုးသတ်ဆေးများတွင် ဓာတုပစ္စည်းများ ခွင့်ပြုသည့်ပမာဏအတိုင်း နမူနာရယူ၍ စမ်းသပ်နိုင်ရန်အတွက် ဌာနမှအရာရှိများနှင့် ကျွမ်းကျင်ပညာရှင်များဖြင့် လယ်ကွင်းများ၊ အရောင်းဆိုင်များ၊ သိုလှောင်ရုံများသို့ ရှောင်တခင် စစ်ဆေးမှုများကို တိုးမြှင့်လုပ်ဆောင်ရန်။

(၂) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ဓာတ်မြေဩဇာများ၊ ဓာတုပိုးသတ်ဆေးများ၏ အကျိုးဆက်များအနေဖြင့် အမျိုးသမီးများ လက်ရှိခံစားနေရသော ရောဂါများ၊ နောင်တွင် ခံစားလာရနိုင်သည့် ကင်ဆာ၊ အာရုံကြော၊ ကလေး မွေးဖွားမှုပြဿနာ၊ မွေးရာပါမသန်စွမ်းမှု စသည့်ရောဂါများကို သိရှိနိုင်ရန်အတွက် နိုင်ငံတကာအဆင့်မီသော သုတေသနအစီအစဉ်တစ်ခုကို ဆောင်ရွက်ပေးရန်။

(၃) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် အထက်ပါ ရောဂါများကို အဆင့်မြင့်နည်းပညာဖြင့် ရှာဖွေခြင်း၊ ကုသခြင်း၊ ပြန်လည် နလန်ထူလာနိုင်ရေးကူညီခြင်း စသော လုပ်ငန်းများကို ပြည်တွင်း/ပြည်ပ အထူးကုဆရာဝန်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးရန်။

(၄) သက်ဆိုင်ရာဝန်ကြီးဌာနများ စုပေါင်း၍ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မြို့နယ်တိုင်းတွင် မြေနှင့်ရေ ညစ်ညမ်းမှုကို စစ်ဆေးတိုင်းတာရန်နှင့် ညစ်ညမ်းမှုဖြစ်ရခြင်း၏ အကြောင်းအရင်းကို ရှာဖွေဖော်ထုတ်ရန်၊ ပျက်စီးသွားသော မြေနှင့်ရေအရင်းအမြစ်များအား ပြန်လည်ကောင်းမွန်လာစေရန်အတွက် ဒေသခံများဦးဆောင်ပါဝင်မည့် ဒေသန္တရစီမံကိန်းကို ထောက်ပံ့ပေးရန်နှင့် လိုအပ်သောနည်းပညာအကြံဉာဏ်များဖြင့် ထောက်ပံ့ကူညီပေးရန်။

(၅) ပြည်ထောင်စုအစိုးရအနေဖြင့် အန္တရာယ်ကင်းသော စိုက်ပျိုးရေးထုတ်ကုန်များ ဈေးကွက်အတွင်းသို့ ရောက်ရှိစေရေးနှင့် စဉ်ဆက်မပြတ် အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ ပူးပေါင်း

ဆောင်ရွက်နိုင်ရန် ရှင်းလင်းတိကျသော တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် အသုံးစရိတ်တို့ကို သတ်မှတ်ပြဋ္ဌာန်းပေးရန်။

**(ဂ) ပို့ကုန်/သွင်းကုန်ဈေးကွက်နှင့် စပ်လျဉ်း၍ အကြံပြုချက် (၅)ချက် -**

(၁) စိုက်ပျိုးရေးဆိုင်ရာ ဓာတုဆေးဝါးများနှင့် ဓာတ်မြေသြဇာများ၊ စားသုံးသီးနှံများ တင်သွင်း/တင်ပို့ခြင်းနှင့် စပ်လျဉ်းပြီး နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းများတွင် အစိုးရအနေဖြင့် ဌာနတစ်ခုက ကြီးကြပ်စေပြီး အခြား သက်ဆိုင်သောအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ (အခွန်၊ ကုန်သွယ်ရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ FDA စသည်တို့)နှင့် စနစ်တကျ ပူးပေါင်းဆောင်ရွက် ကြီးကြပ်စေရန်။

(၂) အထက်အပိုဒ်ပါ ကြီးကြပ်ရေးလုပ်ငန်းရပ်များတွင် လိုအပ်သော ဥပဒေ၊ နည်းဥပဒေများနှင့် မူဝါဒအသစ်များ ပြဋ္ဌာန်းချမှတ်ရန် လိုအပ်ခြင်း ရှိ/မရှိ သက်ဆိုင်ရာ ဌာနများအနေဖြင့် လေ့လာစိစစ်၍ နိုင်ငံတော်အစိုးရကို အကြံပြုတင်ပြခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းများပြုလုပ်ရန်။

(၃) သက်ဆိုင်ရာဝန်ကြီးဌာနသည် မြေသြဇာဥပဒေနှင့် ပိုးသတ်ဆေး ဥပဒေပါ ပြဋ္ဌာန်းချက်များ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မြေသြဇာကော်မတီနှင့် ပိုးသတ်ဆေး နည်းပညာကော်မတီတို့ကို ကြီးကြပ်ဆောင်ရွက်ခြင်းနှင့် လက်ရှိ ရင်ဆိုင်နေရသောပြဿနာများ၊ ဖြေရှင်းဆောင်ရွက်နေမှုများနှင့် စိန်ခေါ်မှုများကို ပွင့်လင်းမြင်သာစွာ သိရှိနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ဖြစ်စေ၊ လွှတ်တော်သို့ဖြစ်စေ အခါအားလျော်စွာ အစီရင်ခံ တင်ပြရန်။

(၄) စိုက်ပျိုးရေးဌာနအနေဖြင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ISO အသိအမှတ်ပြု ဓာတ်ခွဲစမ်းသပ်ခန်းနှစ်ခု အဆင့်မြှင့်တည်ဆောက်ရန်နှင့် လယ်သမားများက မိမိတို့၏ ထုတ်ကုန်များကိုစစ်ဆေးရာတွင် သင့်လျော်သောဈေးနှုန်းနှင့် စစ်ဆေးနိုင်စေရန် စီစဉ်ဆောင်ရွက်သွားရန်။

(၅) သက်ဆိုင်ရာဌာနအဖွဲ့အစည်းများက ဈေးကွက်အတွင်း ရောင်းချနေသော တရားမဝင် တင်သွင်းလာသည့် စားသုံးကုန်စည်နှင့် စိုက်ပျိုးရေးသုံး ဓာတုဆေးများ၊ ဓာတ်မြေသြဇာများအား ပုံမှန်စစ်ဆေးကာ အရေးယူဆောင်ရွက်ခြင်း၊ ပြည်တွင်းစားသုံးရန် စိုက်ပျိုးထုတ်လုပ်မှုတွင်လည်း အရည်အသွေး စစ်ဆေး

ခြင်းများကို ပုံမှန်စစ်ဆေးခြင်း၊ စစ်ဆေးချက်အဖြေများကို ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ခြင်းနှင့် အရေးယူဆောင်ရွက်ခြင်းများပြုလုပ်ရန်။

**(ဃ) ပိုမိုဘေးကင်းလုံခြုံသော စိုက်ပျိုးရေးကျင့်သုံးမှုများနှင့် ပတ်သက်၍ အကြံပြုချက်များ (၁၀)ချက် –**

(၁) စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ပိုမိုကောင်းမွန်သည့် လူ့အရင်းအမြစ် စီမံခန့်ခွဲမှုစနစ်ကို အကောင်အထည်ဖော်ကျင့်သုံး၍ စားနပ်ရိက္ခာ ဖူလုံကျွမ်းကျင်သူများ (Food Safety Experts)၏ အလုပ်ကို အသိအမှတ်ပြုခြင်းနှင့် ရာထူးတိုးမြှင့်ခြင်းစသည်တို့ကို ဌာန၏ လုပ်သားအင်အားအစီအစဉ် (Department's Workforce Plan) ထဲတွင် ထည့်သွင်းရန်။

(၂) FDA ဦးဆောင်၍ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပွင့်ပွင့်လင်းလင်း တိုင်ပင်ဆွေးနွေးပြီး အစားအစာ ဘေးကင်းလုံခြုံမှုဆိုင်ရာမူဝါဒအသစ်နှင့် အစားအသောက် ဘေးကင်းလုံခြုံရေး ဥပဒေအသစ်ကို ရေးဆွဲပြဋ္ဌာန်းရာတွင် ပူးပေါင်းဆောင်ရွက်ရန်။

(၃) FDA သည် အခြားအစိုးရဌာနများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်၍ အာဆီယံစံနှုန်းများ၊ GAP စံနှုန်းများနှင့်ညီသော နိုင်ငံတော်အဆင့် ဓာတုဓာတ်ကြွင်းကန့်သတ်ချက်စံနှုန်း (MRLs) ကို ပြဋ္ဌာန်းရန်။

(၄) နိုင်ငံတော်သမ္မတက ကျွမ်းကျင်သူပညာရှင်အဖွဲ့ကို ဖွဲ့စည်းပေးပြီး စားသုံးသူများ၏ ရွေးချယ်ပိုင်ခွင့်၊ စားသုံးသူကာကွယ်ရေးနှင့် ယှဉ်ပြိုင်မှုတိုးမြှင့်လာရန်အတွက် စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေး ထွက်ကုန်များနှင့် ပတ်သက်သည့် သွင်းကုန်/ပို့ကုန်ဆိုင်ရာ တည်ဆဲဥပဒေ၊ စည်းမျဉ်းနှင့် စနစ်များအား ပြုပြင်သင့်/မသင့်ကို သုံးသပ်ရန်။

(၅) နိုင်ငံအနှံ့အပြားတွင် ဦးစားပေးစိုက်ပျိုးသီးနှံ အပါအဝင် GAP စိုက်ပျိုးရေးသတ်မှတ်ချက်များကို လိုက်နာကျင့်သုံးရန်အတွက် အမျိုးသားအဆင့်စီမံကိန်းတစ်ခုကို စိုက်ပျိုးရေးဦးစီးဌာနမှ ရေးဆွဲပြဋ္ဌာန်းရန်။

(၆) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက မြို့ပြ/ကျေးရွာများရှိ GAP စားသောက်ကုန်ဝယ်လိုအားနှင့် ရောင်းလိုအားကို အထောက်အပံ့ပြုနိုင်ရန်အတွက် အမျိုးသားအဆင့် GAP အသိအမှတ်ပြု ဈေးကွက်စနစ် (ဈေးကွက်ရှာဖွေခြင်းနှင့် စားသုံးသူအသိပညာပေးခြင်း၊ စည်းရုံးလှုံ့ဆော်ရေး

များအပါအဝင်) ထွက်ပေါ်လာအောင် စီမံချက်များ ချမှတ်ဆောင်ရွက်သင့်ပါတယ်။

(၇) နိုင်ငံတကာမှ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ၏ ကူညီပံ့ပိုးမှုနှင့် အတူ ISO စံနှုန်းနှင့်ကိုက်ညီသော အမျိုးသားအဆင့် အော်ဂဲနစ် အသိအမှတ်ပြုလက်မှတ် (Organic Certification) ထုတ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်။

(၈) ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ GAP ဈေးကွက်တစ်ခု ပေါ်ပေါက်လာရန်အတွက် ကမ္ဘာလှည့်ခရီးသွားဒေသများရှိ Organic/GAP စားသောက်ကုန်များကို အသုံးပြုသည့် ဟိုတယ်များ၊ စားသောက်ဆိုင်များ၊ ကော်ဖီဆိုင်များ၏ တည်နေရာကိုဖော်ပြပေးသည့် Phone Application များ ဖန်တီးပေးရန်။

(၉) တောင်သူလယ်သမားများအနေဖြင့် ရိတ်သိမ်းချိန်နှင့် ရောင်းချမှုအချိန်များကို ပိုမိုကောင်းမွန်စွာ စီမံနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနက တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်းပြီး ရွှေ့လျားဓာတ်ခွဲခန်းကွန်ရက်များ တည်ဆောက်ရန်။

(၁၀) တောင်သူလယ်သမားများ GAP အသိအမှတ်ပြုလက်မှတ်ရရှိရန် လိုအပ်သည့် စမ်းသပ်တိုင်းတာမှုပြုလုပ်ရာတွင် လိုအပ်သော ဓာတ်ခွဲခန်းကုန်ကျစရိတ် ကျခံနိုင်ရန်အတွက် (အစိုးရပိုင် သို့မဟုတ် ပုဂ္ဂလိကပိုင်) အသေးစားချေးငွေ (Micro-Loan)စနစ် ရေးဆွဲ အကောင်အထည်ဖော်၍ ကူညီပံ့ပိုးပေးရန်။

**( င ) လူထုအသိပညာပေးခြင်းနှင့် စပ်လျဉ်းသည့် အကြံပြုချက်များ -**

(၁) စိုက်ပျိုးရေးဦးစီးဌာနနှင့် ပညာရေးဦးစီးဌာနက ပူးပေါင်းကာ အသိပညာပေးသင်ခန်းစာများ ရေးဆွဲ၍ အခြေခံပညာကျောင်း သင်ရိုးညွှန်းတမ်းတွင် ထည့်သွင်းသင်ကြားပေးရန်။

(၂) တောင်သူလယ်သမားများအနေဖြင့် ဓာတ်မြေဩဇာနှင့် ဓာတုပိုးသတ်ဆေးများ အန္တရာယ်ကင်းစွာ အသုံးပြုခြင်းနှင့် ပတ်သက်၍ ၎င်းတို့တွင် တာဝန်ရှိကြောင်းကို အသိပေးနိုင်မည့် သင်ရိုးညွှန်းတမ်း/သင်ခန်းစာများ ရေးဆွဲ၍ လယ်တောစာသင်ကျောင်းများတွင် ထည့်သွင်းသင်ကြားရန်။

(၃) အမှန်တကယ် လုပ်ငန်းဆောင်ရွက်သည့် တောင်သူများကို သင်ကြားပေးခြင်း၊ အသိပညာပေးခြင်း၊ လက်တွေ့သရုပ်ပြခြင်းများ စနစ်တကျ လေ့ကျင့်ပေးရန်။

(၄) ဓာတ်မြေသြဇာနှင့် ဓာတုပိုးသတ်ဆေးများ အသုံးပြုရာတွင် လိုအပ်သော လက်အိတ်၊ နှာခေါင်းစည်း စသည့် အကာအကွယ်ပစ္စည်းများကိုလည်းကောင်း၊ မမှန်မကန်သော အသုံးပြုမှုများကြောင့် ခံစားရနိုင်သည့် ရောဂါလက္ခဏာများကိုလည်း ထုပ်ပိုးပစ္စည်းများပေါ်တွင် ဓာတ်ပုံများဖြင့် ထည့်သွင်း သတိပေးရန်။

(၅) စိုက်ပျိုးရေးဦးစီးဌာနမှ ဓာတုပစ္စည်းများ စားသောက်ကုန်များတွင် ပါဝင်နေမှုအန္တရာယ်နှင့် ဘေးကင်းစွာ ကိုင်တွယ်အသုံးပြုရေးကို ဦးစားပေးမည့် ရိုးရှင်းသော လူထုပညာပေးစည်းရုံးလှုံ့ဆော်ခြင်းများ ဖန်တီး၍ လူမှုကွန်ရက်များမှ ဖြန့်ဝေရန် စသောအချက်များကို အကြံပြုထားပါတယ်။

**နိဂုံး**

၆။ အမျိုးသားလွှတ်တော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသည် လုပ်ငန်းဆောင်ရွက်မှုတစ်ခုဖြစ်သည့် မြန်မာနိုင်ငံအတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်း၏ ဓာတုဓာတ်ကြွင်းများကြောင့် ဖြစ်ပေါ်စေသော ဘေးထွက်ဆိုးကျိုးများအား လျှော့ချခြင်းဆိုင်ရာ လေ့လာစိစစ်မှု တစ်ခုအား အောင်မြင်စွာ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ လေ့လာစိစစ်မှု တွေ့ရှိချက်များနှင့် အကြံပြုချက်များသည် ဝန်ကြီးဌာနအတွက်သော်လည်းကောင်း၊ စိုက်ပျိုးရေး တောင်သူများအတွက်သော်လည်းကောင်း၊ စားသုံးသူ ပြည်သူများအတွက်သော်လည်းကောင်း အတိုင်းအတာတစ်ခုအထိ အထောက်အကူပြုမည်ဟု မျှော်လင့်မိပါသည်။

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၂:၁၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး

ကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေး ပြီးဆုံးသည့်အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန် အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် တတိယနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၂:၁၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ကို ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၅ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၁၂ : ၁၇ နာရီအချိန်တွင် ရပ်နားပါသည်။]